Pawklo Indigenous Stewardship Territory

# ပေါခလိုးဌာနေတိုင်းရင်းသားတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အခြေခံဥပဒေ

နိုဝင်ဘာလ ၂၀၂၅ ခုနှစ်

# မာတိကာ

**အကြောင်းအရာများ** **စာမျက်နှာ**


နိဒါန်းနှင့် ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ နောက်ခံသမိုင်း.................................................................... ၂

အခန်း (၁) ။ ။ အကျဉ်းချုပ် ခြုံငုံသုံးသပ်ချက် .................................................. ၄

အပိုင်း (၁.၁) ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ............................................ ၄

အပိုင်း (၁.၂) အခြေခံဥပဒေ၏ သဘောသဘာဝနှင့် လုပ်ငန်းစဉ်မူဘောင်များ .......... ၇

အခန်း (၂) ။ ။ ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေ၏ အုပ်ချုပ်ရေးစနစ် ......................................................... ၈

အပိုင်း (၂.၁) ကိုယ်ပိုင်ပြဌာန်းခွင့် ............................................................. ၉

အပိုင်း (၂.၂) အုပ်ချုပ်ရေးဆိုင်ရာ အခြေခံမူများ ............................................ ၁၀

အပိုင်း (၂.၃) ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေ၏ လုပ်ငန်းမူဘောင် .................................................................... ၁၂

အပိုင်း (၂.၄) စည်းမျဉ်းစည်းကမ်းများ၏ အခြေခံသဘောတရား ............................ ၂၁

အခန်း (၃) ။ ။ ငြိမ်းချမ်းရေးနှင့် တရားမျှတရေး .................................................. ၂၄

အပိုင်း (၃.၁) ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပြန်လည်သင့်မြတ်ရေးအတွက် ဆောင်ရွက်ခြင်း ......................................................................... ၂၄

အခန်း (၄) ။ ။ ပြီးပြည့်စုံသော သဘာဝပတ်ဝန်းကျင်နှင့် မြေယာဆိုင်ရာစီမံခန့်ခွဲခြင်း ............. ၂၇

အပိုင်း (၄.၁) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထွေထွေစည်းကမ်းချက်များ ............ ၂၇

အပိုင်း (၄.၂) စိုက်ပျိုးရေး .............................................................................. ၂၉

အပိုင်း (၄.၃) သစ်တောများ ............................................................................ ၃၁

အပိုင်း (၄.၄) တောရိုင်းတိရစ္ဆာန်များ ............................................................ ၃၂

အပိုင်း (၄.၅) ရေနှင့် ရေအရင်းအမြစ်များ ........................................................ ၃၄

အပိုင်း (၄.၆) စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တည်ဆောက်ရေးအခြေခံ ......... ၃၆

အခန်း (၅) ။ ။ မြေယာနှင့် ယဉ်ကျေးမှုအမွေအနှစ် ................................................ ၃၉

အပိုင်း (၅.၁) မြေယာစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံမူများ ........................................ ၃၉

အပိုင်း (၅.၂) ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ဖော်ထုတ်ခြင်း ...................................... ၄၂

ခက်ဆစ်/ ပူးတွဲတင်ပြချက်၊ ........................................................................ ၄၅

# နိဒါန်းနှင့် ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေ၏ နောက်ခံသမိုင်း

မြိတ်-ထားဝယ် (တနင်္သာရီတိုင်းဒေသကြီး) ၏တောင်ပေါ်ဒေသသည် ဌာနေလူမျိုးစုများနှင့် တိုင်းရင်းသားများ အသီးသီးနေထိုင်ရာ ဒေသဖြစ်ပါသည်။ လူမျိုးစုအသီးသီးတို့သည်လည်း မတူကွဲပြားသော ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများ၊ ကိုးကွယ်ယုံကြည်မှုများ နှင့် အလေ့အထများ ကိုယ်စီရှိကြပါသည်။ ဤလူထုအဖွဲ့အစည်းသည် နောင်လာနောက်သားများအား လက်ဆင့်ကမ်းဝေမျှနိုင်ရန်အတွက် သူတို့၏ တစ်မူထူးခြားသော အသက်ရှင်နေထိုင်ရပ်တည်မှု ပုံစံကို ပြန်လည်ရှင်သန်စေလိုခြင်းနှင့် လိုက်နာကျင့်သုံးခြင်း၏ အရေးပါမှုကို လက်ခံထားကြပါသည်။ ကော်သူးလေဒေသ နယ်နိမိတ်ဧရိယာ၏ တောင်ဘက်အစွန်ဆုံးအပိုင်းတွင်တည်ရှိသော **ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ** သည် အရေးကြီးသော ယဉ်ကျေးမှုအမွေအနှစ်များရှိရာနေရာများ၊ အကာအကွယ်ပေးထားသော တောရိုင်းတိရစ္ဆာန်များ၊ ဂေဟစနစ်များ နှင့် ထိုဒေသတွင် နေထိုင်ကြသော လူမှုအဖွဲ့အစည်းများအတွက် အလွန်အရေးပါသည့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အထွတ်အမြတ်ထားသည့် နေရာများ စသည့်တို့နှင့် ပြည့်နှက်လျက်ရှိပါသည်။

မြိတ်-ထားဝယ်ခရိုင်ရှိ ကရင်အမျိုးသား အစည်းအရုံး (ကေအဲန်ယူ) ခေါင်းဆောင်များနှင့် ဒေသခံလူထုအဖွဲ့အစည်းများသည် မိမိတို့၏ ဘိုးဘပိုင်မြေယာများ၏ ကုန်းမြေနှင့်သဘာဝသယံဇာတများကို ထိရောက်မှုရှိပြီး ထိန်းထိန်းသိမ်းသိမ်းဖြင့် စီမံခန့်ခွဲအုပ်ချုပ်မှုသည် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဟူသော နိုင်ငံရေးမျှော်မှန်းချက်ကို ရရှိရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည်ကို သတိမူမိကြပါသည်။ မြိတ်-ထားဝယ်ဒေသရှိ ခေါင်းဆောင်များနှင့် ဒေသခံလူထုအဖွဲ့အစည်းများ၏ ပြောကြားချက်နှင့်မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်များအရ ဗမာအစိုးရနှင့် စစ်တပ် (တပ်မတော်) တို့သည် ဌာနေလူမျိုးစုတို့၏ ဘိုးဘွားပိုင်မြေဧရိယာနယ်နိမိတ်အ တွင်း ကိုယ်ပိုင်စီမံခန့်ခွဲခြင်းရှိမှုအပေါ် ဖိနှိပ်မှုရှိခြင်း၊ ခြိမ်းခြောက်ခြင်း နှင့် အနှောင့်အယှက်ပေးခြင်းများ လုပ်ဆောင်လျက်ရှိကြပါသည်။ ထိုသို့လုပ်ဆောင်ကြရာတွင် အမျိုးမျိုးသောနည်းလမ်းများကို အသုံးပြုကြပါသည်။၎င်းတို့မှာ ဖိနှိပ်ကန့်သတ်ချုပ်ချယ်မှုများသော မြေယာ၊ သစ်တော နှင့် သဘာဝသယံဇာတဆိုင်ရာ မူဝါဒများနှင့်ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ကြီးမားသော ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြင်ပစီးပွားရေးလုပ်ငန်းရှင်များကို နယ်မြေကျူးကျော်လုပ်ငန်းလုပ်ပိုင်ခွင့်များ ခွင့်ပြုပေးခြင်း၊ တပ်ပိုင်မြေအဖြစ် မြေကေအမြောက်အများကိုသိမ်းယူခြင်းများ၊ ပြည်တွင်းပြည်ပရင်းနှီးမြုပ်နှံမှုလုပ်ငန်းများနှင့် ဗဟိုအစိုးရ၏ အုပ်ချုပ်မှုယန္တရားကျယ်ပြန့်စေရန်အတွက် တိုးချဲ့ဆောင်ရွက်ခြင်းများ စသည်တို့ဖြစ်ကြပါသည်။

မြိတ်-ထားဝယ်ခရိုင်အတွင်း ခေတ်အဆက်ဆက် ဗမာလူမျိုးကြီးဝါဒ၏ဖိနှိပ်ချုပ်ချယ်မှုများ၊ ဌာနေလူမျိုးစုများနှင့် ဒေသခံပြည်သူများအပေါ် နိုင်ငံတော်မှကျူးလွန်သည့် အကြမ်းဖက်မှုများနှင့် သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော်မှုအပေါ်တွင် ခေါင်းပုံဖြတ်ခံရမှုများ စသည်တို့ကို

ရင်ဆိုင်ကြုံတွေ့ရသောကြောင့် ဒေသခံလူထုအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ တစ်မူထူးခြားသော ရိုးရာယဉ်ကျေးမှုများကို အကာအကွယ်ပေးရေးနှင့် ဆက်လက်ကျင့်သုံးနိုင်ခွင့် ရှိစေရန်အတွက် အတူတကွ စုပေါင်းကာကွယ်မှု ရှိလာရပါသည်။

မြိတ်-ထားဝယ်ဒေသတွင်းရှိ ဒေသခံပြည်သူများ၏ ရည်မှန်းချက်များမှာ ပြည်သူလူထုများ အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် အတူတကွယှဉ်တွဲရပ်တည်နိုင်ရန်၊ လုံခြုံမှုရှိပြီး ရေရှည်တည်တံ့သော ဘဝနေထိုင်မှုပုံစံကို ရရှိစေရန်၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဆက်လက်ကျင့်သုံး ပိုင်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်၊ မိမိတို့၏ ရိုးရာအမွေအနှစ်ဖြစ်သော မြေယာများနှင့် သဘာဝသယံဇာတများအပေါ် ကိုယ်ပိုင်အုပ်ချုပ်စီမံပိုင်ခွင့်ကို အပြည့်အဝရရှိစေရန်နှင့် ရေရှည်တည်တံ့သော လူမှုအသိုင်းအဝိုင်းအခြေပြု ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားရန်တို့ဖြစ်ကြပါသည်။ ပေါ်ခလိုးဌာနေတိုင်းရင်းသားလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအဖြစ် တည်ထောင် သတ်မှတ်ခြင်းအားဖြင့် မိမိတို့လုပ်ဆောင်လိုသော လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့်အပြင် ဒေသခံလူထုအဖွဲ့အစည်းများ၏ ရည်မှန်းချက်အား ရရှိနိုင်ရန်အတွက်လည်း အရေးပါလှသည့် ကနဦးခြေလှမ်းဖြစ်သည်။

ဤပေါ်ခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အခြေခံဥပဒေသည် ဒေသခံလူထုများဖြစ်ကြသော မြိတ်-ထားဝယ်ခရိုင်အတွင်းရှိ ပုဂ္ဂိုလ်များ အတူတကွ ပူးပေါင်းရေးဆွဲထားသော ပြည်သူလူထုအများလိုလားတောင့်တသည့် ရေရှည်တည်တံ့ခိုင်မြဲသော သဘာဝအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်နှင့် ငြိမ်းချမ်းစွာယှဉ်တွဲအသက်ရှင်နေထိုင်နိုင်မည့် မူဝါဒများကို ရေးဆွဲပြဋ္ဌာန်းထားသော စာအုပ်ဖြစ်ပါသည်။ လူမှုအသိုင်းအဝိုင်းကျင့်ဝတ်၊ ဌာနေလူမျိုးစုတို့၏ကမ္ဘာကြီးနှင့်ပတ်သက်သည့်အသိအမြင်အတွေးအခေါ်၊ စသည်တို့အပေါ်အခြေခံလျက် ကောင်းမွန်သော အမြင်သဘောတရားများဖြင့် ရေးဆွဲထားသောကြောင့် မြိတ်-ထားဝယ်ခရိုင်အတွင်း ရှိ ကရင်လူထုတစ်ရပ်ကို ကိုယ်စားပြုရပ်တည်လျက် ဒေသ၏ယုံကြည်ချက်၊ ခေတ်အဆက်ဆက်မှ တန်ဖိုး ထားရှိခဲ့သောအရာများ၊ တစ်မျိုးသားလုံး သာတူညီမျှ စည်းလုံးညီညွတ်စွာ အတူတကွရှိသောမူဖြင့် ပြန်လည်ထူထောင်ရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကို လုပ်ဆောင်နိုင်မည့်မူဖြစ်သည်။

အရေးအကြီးဆုံးသောအချက်မှာ ဤအခြေခံဥပဒေသည် လူမှုဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအစီအမံများနှင့် လမ်းညွှန်ချက်များအပါအဝင် သဘာဝအရင်းအမြစ်နှင့် မြေယာစီမံခန့်ခွဲရေးအတွက် မရှိမဖြစ်လိုအပ်နေသော ဌာနေကရင်လူမျိုးစုတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဦးထိပ်ထားရေးဆွဲထားသည်။ ဤလမ်းကြောင်းသည် ရေရှည်တည်တံ့၍ ပတ်ဝန်းကျင်ပျက်စီးမှုနည်းပါးသော အသက်မွေးဝမ်းကျောင်းစနစ်၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး အစီအစဉ်နှင့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် စသည်တိုကို ပေါင်းစည်းထားသည့် လူမှုအသိုင်းအဝိုင်းကိုယ်တိုင် ဦးဆောင်ဖော်ဆောင်သော ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်ကို မိမိတို့၏ရည်ရွယ်ချက်ပန်းတိုင်သို့ ပို့ဆောင်ပေးမည့် ကနဦးခြေလှမ်းအဖြစ်ခံယူကာ ဦးစားပေးထားသည်။

# အခန်း ၁။ အကျဉ်းချုပ် ခြုံငုံသုံးသပ်ချက်

## အပိုင်း (၁.၁) ရည်ရွယ်ချက်၊ ရည်မှန်းချက်များ

### အပိုဒ် (၁)

ပေါလလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းအကောင်အထည်ဖော်ခြင်းမှတစ်ဆင့် ဤနယ်မြေနယ်နိမိတ်အတွင်း မှီတင်းနေထိုင်လျက်ရှိသော ပြည်သူလူထုတို့သည် ဌာနေလူမျိုးစုများနှင့် နယ်မြေအတွင်း ကာလကြာရှည်စွာနေထိုင်လာသည့် လူမှုအသိုင်းအဝိုင်းအားလုံးအတွက် ငြိမ်းချမ်းရေးကိုပံ့ပိုးပြီး သာတူညီမျှသော အကျိုးခံစားခွင့်ကိုပေးသည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်းတီးရန်ကြိုးပမ်းသည်။

ထို့အပြင် မိမိတို့၏နယ်မြေအတွင်းရှိ သဘာဝမြေယာ၊ သစ်တောများကို အမှီပြု၍ စိုက်ပျိုးမွေးမြူခြင်း၊ အသက်မွေးဝမ်းကျောင်း ပြုခြင်းဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း ထိန်းသိမ်းကာကွယ်မြှင့် တင်ရန်ဖြစ်သည်။ ဤအခြေခံဥပဒေ၏ အဓိကရည်ရွယ်ချက်ဖြစ်သော မြေယာ၊ သစ်တော၊ သားငါးတိရိစ္ဆာန်တို့၏ နေထိုင်ကျက်စားရာနေရာများ၊ မြစ်ချောင်းအင်းအိုင်နှင့် ရေဦးရေထွက်ရှိရာနေရာများ ရေရှည်တည်တံ့တည်မြဲနိုင်ရေးကို ရှေးရှုရည်ရွယ်၍ အောက်ပါအတိုင်း ရေးဆွဲပြဋ္ဌာန်းရခြင်းဖြစ်သည်။

### အပိုဒ် (၂)

နယ်မြေအတွင်း ကာလကြာရှည်စွာနေထိုင်လာသည့် လူမှုအသိုင်းအဝိုင်းများအပါအဝင် ဌာနေလူမျိုးစုတို့၏ သစ်တောနှင့်မြေယာအခွင့်အရေးများ အပြည့်အဝရရှိခံစားခွင့်ကို အသိအမှတ်ပြုရန်နှင့် ဤအခွင့်အရေးများကို ကာကွယ်ရန်၊ ဦးစားပေးရန်နှင့် ပံ့ပိုးမြှင့်တင်ရန်ဖြစ်သည်။

သာယာဖူလုံသော လူမှုဘဝ၊ ငြိမ်းချမ်းရေးနှင့် သာတူညီမျှသောအကျိုးခံစားခွင့်ကိုပေးသည့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ရန်အတွက် မြေယာနှင့် သစ်တောလုပ်ပိုင်ခွင့်/ ပိုင်ဆိုင်ခွင့်ကို စီမံသည့် လူမှုအသိုင်းအဝိုင်း၏ ကိုယ်ပိုင်အုပ်ချုပ်ကွပ်ကဲမှုစနစ်များ၊ လူထု၏ရပိုင်ခွင့်၊ စည်းမျဉ်းစည်းကမ်းနှင့်တာဝန်များကို ချမှတ်ပေးသည့် စုပေါင်းစီရင်ဆုံးဖြတ်ရေးစနစ်များ၊ ထို့အပြင် ပိုင်ဆိုင်ခွင့်၊ နေထိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စီမံခန့်ခွဲမှုပုံစံများအပေါ် ချမှတ်ထားသော ၎င်းတို့၏ကန့်သတ်ချက်များ စသည်တို့ကို တစ်ပြေးညီအားကောင်းစွာ လည်ပတ်နိုင်အောင် ညှိနှိုင်းပံ့ပိုးပေးရမည်။

### အပိုဒ် (၃)

နယ်မြေဒေသအတွင်းရှိ ဌာနေလူမျိုးစုတို့၏ ချစ်စဖွယ်ကောင်းသော လူနေမှုစနစ်ဖြစ်သည့် လူမျိုးစုရိုးရာအလိုက် အသက်ရှင်နေထိုင်လုပ်ကိုင်စားသောက်ပုံ၊ မိမိ၏ မြို့ ရွာ၊ နယ်မြေဒေသကို မိမိတို့ကိုယ်တိုင် စီမံအုပ်ချုပ်ခန့်ခွဲသောစနစ်ကို အသိအမှတ်ပြုခြင်း၊ တန်ဖိုးထားခြင်းအားဖြင့် ထိုလူနေမှုစနစ်ကို မြှင့်တင်ရာရောက်ပြီး အခြေခံဥပဒေ၏ အဓိကရည်ရွယ်ချက်ဖြစ်သော အာဏာရှင်

ဆန်သော ဗဟိုချုပ်ကိုင်မှုစနစ်ကို လျော့ပါးစေသည်။ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် စီမံခန့်ခွဲရေး အာဏာများကို ခွဲဝေကျင့်သုံးသည့် စနစ်ကို ဖော်ဆောင်ရာရောက်ပါသည်။

နိုင်ငံရေးရာ၊ စီးပွားရေး အစရှိသည့် ကဏ္ဍများတွင် ပြည်သူလူထုကိုယ်တိုင် စီမံခန့်ခွဲပိုင်ခွင့် အကောင်အထည်ဖော်ဆောင်ပိုင်ခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုစနစ်၏မူအရ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ရှင်သန်တည်မြဲရေးကို ဒေသခံလူမှုအသိုင်းအဝိုင်းကိုယ်တိုင်ဖော်ဆောင်ရမည်ကို မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရနှင့် ဒေသခံပြည်သူလူထုများမှ အခိုင်အမာ အတည်ပြုရမည်။ အသိအမှတ်ပြုရမည်။ ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေ၏ အခြေခံဥပဒေနှင့် ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံး၏ မူဝါဒ၊ လုပ်ငန်းလမ်းညွှန်၊ လုပ်ထုံးလုပ်နည်းများကို ကြိုးစားဖော်ဆောင်ခြင်း၊ အဆိုပါမူဝါဒများနှင့် ပက်သက်သောအမြင်ဖွင့်ခြင်း၊ အသိပညာပေးခြင်း၊ မြှင့်တင်ခြင်း (Awareness training and capacity building) အစီအစဉ်များ ပြုလုပ်ခြင်းကြောင့် မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှု (ကြိုးနီစနစ်) ကြီးကို လျော့ပါးစေပြီး၊ မိမိတို့တည်ဆောက်လိုသော ဖက်ဒရယ်ပြည်ထောင်စုကြီးနှင့် ဖက်ဒရယ်ပြည်နယ်များအတွင်းတွင် ရေရှည်တည်တံ့ခိုင်မြဲသော အေးချမ်းသာယာမှုသုခကို အပြည့်အဝရရှိခံစားနိုင်မည် ဖြစ်ပါသည်။

**အပိုဒ် (၄)**

သစ်တော၊ မြေယာနှင့် မြစ်ချောင်း၊ အင်းအိုင်များကို ကိုယ်တိုင်စီမံခန့်ခွဲအုပ်ချုပ်သော ရှေးမိရိုးဖလာဓလေ့နှင့်အစဉ်အလာကောင်းများကို အသိအမှတ်ပြုရန်နှင့် ဦးစားပေးမြှင့်တင်ထိန်းသိမ်းပေးရမည်။ ဤပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အခြေခံဥပဒေသည် ဘိုးဘွားပိုင်မြေယာများ၏နယ်မြေဒေသများအတွင်းသို့ မည်သူမျှအကြောင်းမဲ့ မြေယာများ မတရားသိမ်းဆည်းခြင်း၊ အဓမ္မဝင်ရောက်လုပ်ကိုင်ခြင်း၊ အသုံးပြုခြင်း၊ နေထိုင်ခြင်း စသည့်ရန်များမှ ကာကွယ်ပေးရမည်။

**အပိုဒ် (၅)**

အဓမ္မရွှေ့ပြောင်းခြင်းခံရသော ပြည်တွင်း၊ ပြည်ပ နေရပ်စွန့်ခွာသူများ ပြည်လည်ရောက်ရှိလာသောအခါ ၎င်းတို့စွန့်ခွာခဲ့ရသော အိုးအိမ်၊ မြေနေရာ၊ စိုက်ပျိုးမြေများအား ပြန်လည်ရရှိပိုင်ခွင့် (သို့မဟုတ်) အစားထိုးရရှိပိုင်ခွင့်နှင့်အတူ ၎င်းတို့အသက်မွေးဝမ်းကျောင်းပြုရန် လိုအပ်သော မြေနေရာများချထားပေးခြင်း၊ စသည်တို့ကို အလေးထားဆောင်ရွက်ပေးရမည်။

**အပိုဒ် (၆)**

ရေရှည်တည်တံ့သောလူမှုအသိုင်းအဝိုင်းများ၏ မိရိုးဖလာ စီမံခန့်ခွဲမှုအလေ့အကျင်းကောင်းများကို ပိုမိုကောင်းမွန်အောင် မြှင့်တင်ပေးရမည်။ အခြေခံမူ၏ရည်ရွယ်ချက်သည်လည်း ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ လူမျိုးစုများအပါအဝင် ဒေသခံလူမှုအသိုင်းအဝိုင်းများပေးဆပ်ပြီး ရေးဆွဲပြဌာန်းသည့် ဤအခြေခံဥပဒေကို အသိအမှတ်ပြုတန်ဖိုးထားရမည်။ အဘယ့်ကြောင့်ဆိုသော် အနှစ်သာရနှင့်ပြီးပြည့်စုံသော စနစ်ဖြစ်သည်။ သစ်တောနှင့် မြေယာများကို ဂေဟ

စနစ်နှင့်လိုက်လျောညီထွေစွာ အုပ်ချုပ်စီမံခန့်ခွဲသောစနစ်ကြောင့် လူသားအပါအဝင် သက်ရှိသတ္တလောကတစ်ခုလုံးနှင့် ဇီဝမျိုးကွဲမျိုးစုံများ သဘာဝအလျောက် ရှင်သန်နိုင်မည် ဖြစ်ခြင်းကြောင့် ဖြစ်သည်။

**အပိုဒ် (၇)**

မြေယာ၊ သစ်တောနှင့် အရင်းအမြစ်ပိုင်ဆိုင်သုံးစွဲခွင့်ဆိုင်ရာ မကျေနပ်မှုများနှင့် အငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ရန်အတွက် ရိုးရှင်းပြီး၊ လွယ်ကူစွာရယူအသုံးပြုနိုင်သော၊ ထိရောက်မှုရှိသောနှင့် အကျုံးဝင်သော ကိုင်တွယ်ဖြေရှင်းရေးစနစ်များကို ရေးဆွဲအကောင်အထည်ဖော်ရမည်။ ဤသို့ဆောင်ရွက်ရာတွင် ဒေသခံလူမှုအသိုင်းအဝိုင်း၏ အခွင့်အရေးနှင့် ၎င်းတို့၏ တရားဝင်မြေယာ အခွင့်အရေးများကို အရေးပေးကာကွယ်ရမည်။

**အပိုဒ် (၈)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်း မီှတင်းနေထိုင်လျက်ရှိသော ဒေသခံလူမှုအသိုင်းအဝိုင်းအားလုံး အတူအကွပေါင်းစည်း၍ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် အဓိကကျသည့် အများသဘောတူဆုံးဖြတ်ပြဋ္ဌာန်းထားသောအရာများကို လိုက်နာဖော်ဆောင်နိုင်ရေးအတွက် အချင်းချင်းနက် ရှိုင်းစွာရှိသော နားလည်မှု၊ စည်လုံးညီညွတ်မှုများ ရှိစေရေး အတွက် တွန်းအားပေး လှုံ့ဆော်ရမည်။

**အပိုဒ် (၉)**

ငါးရံ့နီချောင်း၊ ကူးချောင်း၊ ပောပီးချောင်း၊ ဖောင်တော်ကြီးချောင်း၊ စာကွီးချောင်း၊ ကျူကြီးချောင်း၊ စဲထာချောင်း၊ ရဲစွန်းချောင်း၊ ပေါခလိုးချောင်း နှင့် ထီးစာဆူချောင်း ကဲ့သို့သော မြစ်ချောင်းများနှင့် ၎င်းတို့အနီးဝန်းကျင်ရှိ ဂေဟစနစ်၊ သစ်တောနှင့် တောတောင်အားလုံး၏ ပကတိသဘာဝဂေဟစနစ်တည်တံ့မှုကို ကာကွယ်စောင့်ရှောက်သည်သာမက ထာဝစဥ်တည်မြဲအောင် ထိန်းသိမ်းရမည်။

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ သက်ရှိဇီဝသတ္တလောကနှင့် ရုက္ခသစ်ပင်လောကတို့သည် လူမှုအသိုင်းအဝိုင်းနှင့် ဒေသတွင်းလူသားများကို နည်းမျိုးစုံဖြင့် အပြည့်အဝအကျိုးပြုလျက်ရှိနေသည်ကို လက်ခံအသိအမှတ်ပြုရန် လိုအပ်သကဲ့သို့ ထိန်းသိမ်းကာကွယ်ရန်လည်း လိုအပ်ပါသည်။ လူသားများသည် သဘာဝနှင့် အေးချမ်းသာယာစွာ အတူယှဥ်တွဲနေထိုင်နိုင်ရန်အလို့ငှာ ဤအခြေခံဥပဒေမှ ဌာနေလူမျိုးစုဦးဆောင်သော လူမှုအသိုင်းအဝန်းတို့ထိန်းသိမ်းနယ်မြေဖွဲ့စည်းထူထောင်ခြင်းကို တွန်းအားပေးလျက်ရှိပါသည်။

**အပိုဒ် (၁၀)**

ဒေသအတွင်းရှိ လူမှုအသိုင်းအဝိုင်းနှင့် ဌာနေလူမျိုးစုတို့၏ သုခုမအနုပညာများ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ ယဥ်ကျေးမှုများ၊ ယုံကြည်ကိုးကွယ်မှုများ၊ မိရိုးဖလာအရ အသက်မွေးဝမ်းကျောင်း အလေ့အထများ စသည်တို့ကို အသိအမှတ်ပြုသည်သာမက ထိန်းသိမ်းထားခြင်း၊ ကာကွယ်

စောင့်ရှောင့်ထားခြင်း၊ ဖော်ထုတ်မြှင့်တင်ခြင်း၊ အစဉ်အလာသွင်းခြင်းအားဖြင့် နောင်လာနောက်သား အနာဂတ်မျိုးဆက်သစ်များသည်လည်း မိမိတို့ပတ်ဝန်းကျင်ရှိ သဘာဝတရားများဖြစ်သော မြေယာ၊ သစ်တော၊ မြစ်ချောင်း၊ အင်းအိုင်၊ သား၊ ငါးတိရစ္ဆာန်များတို့ နှင့် ရင်းနှီးစွာယဉ်ပါးစွာဖြင့် အတူယှဉ်တွဲအသက်ရှင် နေထိုင်သွားနိုင်မည် ဖြစ်ပါသည်။

## အပိုင်း (၁.၂) အခြေခံဥပဒေ၏ သဘောသဘာဝနှင့် လုပ်ငန်းစဉ်မူဘောင်များ

### အပိုဒ် (၁၁)

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ မြေယာ၊ သစ်တော၊ သား၊ ငါး၊ မြစ်ချောင်း၊ အင်းအိုင် နှင့် အခြားသက်ဆိုင်ရာ အရင်းအမြစ်များကို စီမံခန့်ခွဲရာတွင် လူမှုအသိုင်းအဝိုင်းအတွင်း တရားဝင်အသိအမှတ်ပြုကျင့်သုံးနေသော - တရားမျှတမှုရှိသည့်၊ ငြိမ်းချမ်းသည့် နှင့် သဘာဝပတ်ဝန်းကျင်ကိုလည်း စဉ်ဆက်မပြတ်ရှင်သန်စေသည့် - စီမံခန့်ခွဲရေးစနစ်များကို ပံ့ပိုးစေသောနည်းဖြင့် စီမံအုပ်ချုပ်နိုင်ရန်နှင့် စည်းမျဉ်းစည်းကမ်းများချမှတ်နိုင်ရန်အတွက် ဤအခြေခံဥပဒေက မူဘောင်များကို ချမှတ်ပေးသည်။

### အပိုဒ် (၁၂)

ဤအခြေခံဥပဒေသည် ကော်သူးလေနယ်မြေ၊ မြိတ်-ထားဝယ် ခရိုင်အတွင်း နေထိုင်လျက်ရှိသော ဌာနေလူမျိုးစု၊ ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် ကာလနှစ်ပေါင်းကြာမြင့်စွာ နေထိုင်လာခဲ့သော ဒေသခံတို့၏ မိရိုးဖလာအရ ရေ၊ မြေနှင့် သစ်တောအပေါ် အမှီပြုနေထိုင်မှု၊ သုံးစွဲမှု၊ လုပ်ကိုင်စားသောက်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုတို့ကို အသိအမှတ်ပြုသည်။

### အပိုဒ် (၁၃)


ဤအခြေခံဥပဒေတွင်ပြဌာန်းထားသော စည်းမျဉ်းစည်းကမ်းများနှင့် ကန့်သတ်တားမြစ်ချက်များအတိုင်း ဥယျာဉ်အတွင်း မှီတင်းနေထိုင်လျက်ရှိသော ဌာနေလူမျိုးစုများအပါအဝင် နယ်နိမိတ်အတွင်း ခေတ္တယာယီဝင်ထွက်သွားလာသူများအားလုံး တစ်သွေမတိမ်း လိုက်နာကျင့်သုံးရမည်။

### အပိုဒ် (၁၄)

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေသည် သက်ရှိအမျှော်အမြင်တစ်ခုဖြစ်ပြီး မြိတ်-ထားဝယ်ခရိုင်အတွင်းရှိ ဌာနေလူမျိုးစုများနှင့် လူမှုအသိုင်းအဝိုင်းတို့၏ မျှော်မှန်းချက်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့အပေါ် ဗဟိုပြုသော အာဏာခွဲဝေအုပ်ချုပ်ရေးစနစ်ဖြင့် စီမံအုပ်ချုပ်သည့် နေရာဒေသတစ်ခု ဖြစ်သည်။

ပြည်သူလူထုနှင့် လူမှုအသိုင်းအဝိုင်းတို့၏ လိုအင်ဆန္ဒနှင့် နိုင်ငံရေးမျှော်မှန်းချက်များသည် ဥယျာဉ်၏အခြေခံအာဏာဖြစ်သည်။ အုပ်ချုပ်ရေးတွင် တိုက်ရိုက်ပါဝင်ခြင်းမှတစ်ဆင့် ပြည်သူလူထုသည် မိမိ၏ရေခံမြေခံနှင့်ကိုက်ညီသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် စီရင်ထုံးဖွဲ့မှုကို ၎င်းတို့၏လူမှုအသိုင်းအဝိုင်းအုပ်ချုပ်ရေးယန္တရားများမှတစ်ဆင့် ရေးဆွဲပြဌာန်းနိုင်ခွင့်ရှိသည်။

# အခန်း ၂။ ပေါ်ခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးစနစ်



# အပိုင်း (၂.၁) ကိုယ်ပိုင်ပြဌာန်းခွင့်

## အပိုဒ် (၁၅)

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်း မှီတင်းနေထိုင်လျက်ရှိသော လူမှုအသိုင်းအဝိုင်းတို့သည် မိမိတို့၏အရေးအရာများအတွက် လိုအပ်နေသော ဒေသတွင်း ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းချက်များ၊ ဝိနည်းကျင့်ထုံးများကို ကိုယ်တိုင်ရေးဆွဲပြဌာန်းထားရမည်။ မြေယာ၊ သဘာဝပတ်ဝန်းကျင်တို့နှင့် နက်ရှိုင်းစွာဆက်နွယ်နေသည့် မမြင်နိုင်သော မိမိတို့၏ယဉ်ကျေးမှုအမွေအနှစ်နှင့်ဓလေ့ထုံးတမ်းအစဉ်အလာများအား ထိန်းသိမ်းနိုင်ရန်အတွက် လူမှုအသိုင်းအဝိုင်းတို့သည် ဌာနေလူမျိုးစုတို့၏နယ်မြေအစိတ်အပိုင်းများဖြစ်သော ၎င်းတို့၏မြေယာနှင့်သဘာဝအရင်းအမြစ်များကို ၎င်းတို့ကိုယ်တိုင်စီမံခန့်ခွဲနိုင်သောအခွင့် ရှိရမည်။

မိမိဘိုးဘွားနယ်မြေဒေသများကို မိမိကိုယ်တိုင်အုပ်ချုပ်စီမံခန့်ခွဲသော မိရိုးဖလာမြေယာစီမံခန့်ခွဲပိုင်ခွင့်နှင့်စနစ်သည် မြိတ်-ထားဝယ်ခရိုင်အတွင်းရှိ ဌာနေလူမျိုးစုများနှင့် လူမှုအသိုင်းအဝိုင်းတို့အား ပစ်ပယ်ဥပေက္ခာပြုသော အုပ်ချုပ်မှုစနစ်များဝင်ရောက်ခြင်း မပြုမီကတည်းကပင် တည်ရှိသောအရာဖြစ်သည်။

## အပိုဒ် (၁၆)

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီဝင် (သို့မဟုတ်) ညီလာခံကိုယ်စားလှယ်ကို ရွေးချယ်ရာတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့တစ်ဖွဲ့ချင်း၏ ကိုယ်စားလှယ်ဖြစ်စေ စံထိုက်သော ပြည်သူတစ်ဦး၏ ရှိအပ်သော တစ်သက်တာသဘာဝပတ်ဝန်းကျင်ကို တည်တံ့ခိုင်မြဲစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ မြေဆီသြဇာ ပြည့်ဝနိုင်ရေးစသည့် အရေးအရာများကို စိတ်ပါဝင်စားခြင်း၊ အထောက်အကူပြုနိုင်ခြင်း၊ ပံ့ပိုးကူညီနိုင်ခြင်း စသည်များကို အခြေခံရပါမည်။

## အပိုဒ် (၁၇)

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ လူမျိုးစုနှင့်လူမှုအသိုင်းအဝိုင်းတို့သည် သာတူညီမျှမှုရှိသော အခွင့်အရေးများကို ရရှိပိုင်ခွင့်ရှိသကဲ့သို့ဥယျာဉ်၏အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ပံ့ပိုးပိုင်ခွင့်ရှိရမည်။

## အပိုဒ် (၁၈)

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်း မှီတင်းနေထိုင်လျက်ရှိသောလူမှုအသိုင်းအဝိုင်းအားလုံးအပေါ် အသက်အရွယ်အပိုင်းအခြား၊ မျိုးနွယ်စု၊ ကျန်းမာရေးအခြေအနေ၊ ယုံကြည်ကိုးကွယ်မှု၊ မျိုးရိုးဆင်းသက်မှု၊ လိင် (ကျား၊မ) ကွဲပြားမှု၊ ဘာသာတရား၊ ဆင်းရဲချမ်းသာကွာဟမှု၊ လူနေမှုအဆင့်အတန်းကွာဟမှု အစရှိသည်များအပေါ် မူတည်၍ ခွဲခြားဆက်ဆံ

ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖယ်ကျဉ်ချန်လှပ်ခြင်း (ဥပေက္ခာပြုခြင်း) လုပ်ရပ်များ လုံးဝ (လုံးဝ) မရှိစေရ (လက်ခံခွင့်ပြုခြင်း မရှိပါ)။ သာတူညီမျှမှုရှိခြင်း၊ တရားမျှတခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ရိုင်းပင်းကူညီမစခြင်းသည် စံတင်တန်ဖိုး ထားသောအရာဖြစ်သည်။

ကိုယ်ဝန်ဆောင်မိခင်၊ နို့တိုက်မိခင်၊ အပျို၊ လူပျို၊ သက်ကြီးရွယ်အို၊ ရောဂါသည် (နာတာရှည်အပါအဝင်) မသန်စွမ်းသူများ၊ အဓမ္မပြုကျင့်ခံရသူများ၊ ထိခိုက်လွယ်ကူသူများ အစရှိသော လူပုဂ္ဂိုလ်များကို ဒေသတွင်းလူမှုအသိုင်းအဝိုင်းများ (သို့မဟုတ်) ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီမှ ယင်းတို့၏လိုအပ်မှုများကို တိုက်ရိုက်ကူညီပံ့ပိုးရပါမည်။

**အပိုဒ် (၁၉)**

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ မည်သူမဆို နယ်မြေဒေသအတွင်းရှိ လူမျိုးအသိုင်းအဝိုင်းတို့၏အကျိုးစီးပွားအားထိခိုက်စေနိုင်သည့် လုပ်ငန်းများကို လုပ်ဆောင်ခြင်း (သို့မဟုတ်) အဆိုပါလုပ်ငန်းများတွင် ပါဝင်ပက်သက်ခြင်း လုံးဝမပြုရ။

အများပြည်သူနှင့် သက်ဆိုင်သည့် အခွင့်အရေးများဖြစ်သည့် သဘာပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာနေထိုင်ခွင့်၊ တာရှည်ခံအသက်မွေးဝမ်းကျောင်းစနစ်များကို ဦးဆောင်ဖန်တီးခွင့်နှင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းခွင့် စသည်တို့ကို ဥယျာဉ်အတွင်းနှင့်ပြင်ပရှိ တစ်စုံတစ်ဦး (သို့အဟုတ်) အဖွဲ့အစည်းများမှ ထိပါးနှောင့်ယှက်ခြင်းမရှိအောင် ဥယျာဉ်၏ပြည်သူလူထုများက ကြိုးပမ်းကာကွယ်ရမည်။

## အပိုင်း (၂.၂) အုပ်ချုပ်ရေးဆိုင်ရာ အခြေခံမူများ

**အပိုဒ် (၂၀)**

ရေးဆွဲပြဌာန်းလိုက်သည့် အောက်ပါအုပ်ချုပ်ရေးဆိုင်ရာ အခြေခံမူဝါဒများသည် ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ မှီတင်းနေထိုင်လျက်ရှိသော ဌာနေလူမျိုးစုနှင့် လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံး၏လိုလားတောင့်တမှုများကို ဖြည့်ဆည်းနိုင်ရန်အလို့ငှာ ဤနယ်မြေအတွင်းရှိ အများပြည်သူတို့နှင့်သက်ဆိုင်သည့်အရေးကိစ္စများအား စီမံအုပ်ချုပ်မည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အုပ်ချုပ်ရေးကိုတည်ဆောက်ရာတွင် အထောက်အကူပြုရန်ရည်ရွယ်သည်။

**အပိုဒ် (၂၁)**

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေသည် ဒေသခံလူမျိုးများစုပေါင်းနေထိုင်လျက်ရှိသော နယ်မြေဒေသတစ်ခုဖြစ်သည့်အားလျော်စွာ ပြင်ပအစိုးရအဖွဲ့အစည်းများ၏ တရားနည်းလမ်းမကျသော စည်းမျဉ်းဥပဒေများကို လိုက်နာရန်မလိုအပ်ပါ။ အလားတူ ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ ပြည်သူလူထုကိုယ်စားလှယ်များ

ပါဝင်မှုမရှိသော (သို့မဟုတ်) ဒေသခံပြည်သူလူထုများ လက်ခံနိုင်ခြင်းမရှိသော ပြင်ပအဖွဲ့အစည်း၊ အစိုးရ၏ တရားနည်းလမ်းမကျသောစည်းမျဉ်းများ၊ ဥပဒေသများကိုလည်း လိုက်နာကျင့်သုံးရန် အကြောင်းမရှိပါ။

အုပ်ချုပ်ရေးစနစ်တစ်ခုနှင့် ဆုံးဖြတ်ချက်ချသည့်ဖွဲ့စည်းပုံတို့၏ တရားဝင်မှုကို ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် ဌာနေလူမျိုးစုတို့မှ ၎င်းတို့၏ ယုံကြည်ချက်၊ တန်ဘိုး (လူမျိုးတစ်မျိုး၏ယဉ်ကျေးမှုကနေဆင်းသက်လာသည့် ယုံကြည်မှု၊ မူဘောင်နှင့် ကိုယ်ကျင့်တရားများ)၊ နှင့် လုပ်ထုံးလုပ်နည်းများအပေါ်အခြေခံ၍ စုပေါင်းဆုံးဖြတ် သတ်မှတ်ရမည်။ ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခြင်းနှင့် နိုင်ငံရေးဆုံးဖြတ်ခြင်းများကို လုပ်ဆောင်ရာတွင် ဘက်လိုက်မှုကင်းပြီး အားလုံးပါဝင်ခွင့်၊ သာတူညီမျှမှုနှင့် ပွင့်လင်းမြင်သာမှုရှိသော ဒီမိုကရေစီစနစ် စံချိန်စံညွှန်းများ (အများသဘောဆန္ဒအပေါ် အခြေခံသည့်နည်းလမ်း) နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းစဉ်သည် မြိတ်-ထားဝယ်ခရိုင်၊ ကေအဲန်ယူအစိုးရနှင့် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအုပ်ချုပ်ရေးကော်မတီတို့၏ ဩဇာလွှမ်းမိုးမှု (သို့မဟုတ်) တစ်ဖက်သတ်အနိုင်ယူဆုံးဖြတ်မှုတို့နှင့် ကင်းရှင်းရမည်။

**အပိုဒ် (၂၂)**

အများပြည်သူနှင့်သက်ဆိုင်သည့်အရေးကိစ္စများကို စီစဉ်ရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ဆုံးဖြတ်ခြင်းများပြုလုပ်ရာတွင် ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေ အတွင်း မှီတင်းနေထိုင်သူအားလုံးသည် အဓိကကျသူများဖြစ်သည့်အားလျော်စွာ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အစုအဖွဲ့လိုက်အားဖြင့်သော်လည်းကောင်း လုပ်ငန်းစဉ်တွင်ပါဝင်လုပ်ဆောင်ခွင့်ရှိသည်။

နိုင်ငံရေးကဏ္ဍများတွင်သော်လည်းကောင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် အရေးကိစ္စများတွင်သော်လည်းကောင်း၊ ထိရောက်စွာပါဝင်လုပ်ဆောင်နိုင်အောင် လူထုအားအခွင့်အာဏာပေးရာတွင် နယ်မြေဒေသအဆင့်၌ ဒေသခံလူမှုအသိုင်းအဝိုင်းအပေါ် ဗဟိုပြုသည့် နည်းစနစ်နှင့် တိုက်ရိုက်ဒီမိုကရေစီစနစ်နှစ်ခုလုံးကို အသုံးပြု၍သော်လည်းကောင်း၊ နယ်မြေအဆင့်၌ တိုက်ရိုက်ဒီမိုကရေစီစနစ်ကို အသုံးပြု၍သော်လည်းကောင်း ဆောင်ရွက်ရမည်။

လူထု၏ပူပေါင်းပါဝင်လုပ်ဆောင်မှုသည် တန်းတူညီမျှမှု၊ အမြင်သဘောထားလွတ်လပ်စွာတင်ပြခွင့်၊ လွတ်လပ်စွာစည်းရုံးဖွဲ့စည်းခွင့်နှင့် သတင်းရယူဖလှယ်ခွင့်၊ အများပြည်သူ၏သဘောဆန္ဒကို ရယူခြင်းနှင့် မတူကွဲပြားမှုများကို အသိအမှတ်ပြုခြင်း အစရှိသောမူများအပေါ်အခြေခံရမည်။

ကေအဲန်ယူ (သို့မဟုတ်) နယ်မြေ၏နိုင်ငံရေးကို ဦးဆောင်မည့်အစုအဖွဲ့များ၏ တရားဝင်မှုသည် ဒေသခံလူမှုအသိုင်းဝန်းတို့၏ အားပေးမှုနှင့်ထောက်ခံမှုတို့အပေါ် အခြေခံသလို ဒေသခံလူမှုအသိုင်းအဝန်းသည်လည်း မိမိတို့၏ပန်းတိုင်ကိုဆွတ်ခူးနိုင်ရန်အတွက် တရားမျှတသော ကေအဲန်ယူ၏နိုင်ငံရေးဦးဆောင်မှုကို အသိအမှတ်ပြုရန် လိုအပ်သည်။

**အပိုဒ် (၂၃)**

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုယန္တရားများသည် ဒေသခံလူမှုအသိုင်းအဝိုင်းနှင့်ဌာနေလူမျိုးစုတို့၏ ကွဲပြားခြားနားသောပင်ကိုလက္ခဏာများကို လေးစားရမည်ဖြစ်ပြီး တစ်မူထူးခြား၍ ပုံစံအမျိုးမျိုးရှိနေသည့် ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် ဌာနေလူမျိုးစုတို့၏ ယဉ်ကျေးမှုအစဉ်အလာ၊ ၎င်းတို့၏လူမှုအဖွဲ့အစည်း၊ တရားစီရင်ရေးစနစ်နှင့် ဗဟိုချုပ်ကိုင်မှုစနစ်ကို အလွန်လျော့ပါးစေသော ၎င်းတို့၏အုပ်ချုပ်ရေးစနစ် စသည်တို့နှင့် သဟဇာတဖြစ်ရမည်။

ဆက်လက်ပြီး လူမှုအသိုင်းအဝိုင်းအတွင်း၌ဖြစ်စေ၊ လူမှုအသိုင်းအဝိုင်းတစ်ခုနှင့်တစ်ခုအကြား၌ဖြစ်စေ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်နိုင်ရန်၊ သတင်းအချက်အလက်များ နှီးနှောဖလှယ်ဝေငှနိုင်ရန်၊ အမြင်သဘောထားများ တင်ပြရန်နှင့် လေ့လာသင်ယူခြင်းများ ပြုလုပ်နိုင်ရန်အတွက် ဥယျာဉ်၏ပြည်သူအားလုံး ပါဝင်တက်ရောက်နိုင်သည့် ညီလာခံတစ်ရပ်ကို နှစ်စဉ်ကျင်းပပြုလုပ်ရမည်။

အထွေထွေညီလာခံနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်ကိုယ်စားလှယ်များဖြစ်လာမည့် လူမှုအသိုင်းအဝိုင်းကိုယ်စားလှယ်များကို အောက်ပါအတိုင်း လျာထားသတ်မှတ်ပါသည်။

**အပိုဒ် (၂၄)**

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးထဲတွင်ပါဝင်ပြီး နယ်မြေ၏စည်းမျဉ်းစည်းကမ်းနှင့်မူဝါဒများအတိုင်း နေထိုင်ကျင့်ကြံပါမည်ဟူသော သဘောတူညီချက်ကို လူမှုအသိုင်းအဝိုင်းနှင့်ဌာနေလူမျိုးစုတို့ထံမှ ရယူရာတွင် ဘက်ပေါင်းစုံကဏ္ဍပေါင်းစုံ ပါဝင်ပြီး ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတစွာ ဆောင်ရွက်မည်။

## အပိုင်း (၂.၃) ပေါခလိုးဌာနေတိုင်းရင်းသားတို့ ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေ၏ လုပ်ငန်းမူဘောင်

**အပိုဒ် (၂၅)**

ဒေသခံလူမှုအသိုင်းအဝိုင်းအတွက် ငြိမ်းချမ်းရေးနှင့် တန်းတူညီမျှမှုရှိသောဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်ရန်နှင့် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးတို့ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန်အတွက် နယ်မြေဒေသ၏ အထွေထွေညီလာခံသည် နယ်မြေဒေသအတွင်းရှိ ပြည်သူလူထု၊ မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း/ လူထုအခြေပြုအဖွဲ့အစည်း စသည့်အစုအဖွဲ့များ၏ အားထုတ်လုပ်ဆောင်မှုများအား ကိုယ်စားပြုချိတ်ဆက်ညှိနှိုင်းပေးသည့် ကိုယ်ထည်တစ်ရပ်ဖြစ်ရမည်။

အထွေထွေညီလာခံကိုယ်စားလှယ်များ၏သက်တမ်းမှာ လေးနှစ်ဖြစ်သည်။ သက်တမ်းမကုန်ခင် ကိုယ်စားလှယ်အသစ် ရွေးကောက်ရန်အတွက် ရွေးကောက်ပွဲကို ရေးဆွဲပြဋ္ဌာန်းထားသောရွေးကောက်ပွဲ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ပြုလုပ်ရမည်။

**အပိုဒ် (၂၆)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏တည်တံ့ခိုင်မြဲရေးနှင့်သက်ဆိုင်သည့် အရေးကိစ္စများအားလုံးကို သိမြင်ရန်နှင့် အောင်မြင်စွာကိုင်တွယ်ဖြေရှင်းနိုင်ရန် စီမံအုပ်ချုပ်ရေးယန္တရားတစ်ခုကဲ့သို့လည်းပတ်ပြီး ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် မြိတ်-ထားဝယ်ခရိုင်ကေအဲန်ယူအစိုးရတို့၏ ပူပေါင်းလုပ်ဆောင်မှုကို ချိတ်ဆက်ပံ့ပိုးပေးမည့် အုပ်ချုပ်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းရမည်။ ဤအုပ်ချုပ်ရေးကော်မတီသည် နယ်မြေအတွင်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် အရေးကိစ္စများ၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြင်ပဆက်ဆံရေး စသည့်ကိစ္စရပ်များအပြင် လိုအပ်သလို အခြားသောအရေးကိစ္စများကို ကိုင်တွယ်ရမည်။

**အပိုဒ် (၂၇)**

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့်အထွေထွေညီလာခံကိုယ်စားလှယ်အဖွဲ့ဝင်များမှ လုပ်ငန်းအစီအစဉ်များရေးဆွဲချမှတ်ရာတွင် လိုအပ်လာပါက သက်ဆိုင်ရာဒေသခံလူမှုအသိုင်းအဝိုင်းကိုယ်စားလှယ်များကို ပါဝင်ဆွေးနွေးခွင့် အကြံပြုတင်ပြခွင့်ပြုရပါမည်။ ရွေးချယ်တင်မြှောက်ခြင်းခံရသောကိုယ်စားလှယ်များသည် နယ်မြေနှင့်ပက်သက်ပြီးပြုလုပ်သည့်အစည်းအဝေး (သို့မဟုတ်) တွေ့ဆုံစုစည်းခြင်းအစီအစဉ်အားလုံးကို မပျက်မကွက်တက်ရောက်ရမည်ဖြစ်ပြီး ဒေသခံပြည်သူလူထုများမှာမူ အကြံပေးသူများအနေဖြင့် တက်ရောက်နားထောင်ခွင့်ရှိသည်။

**အပိုဒ် (၂၈)**

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့်ညီလာခံကိုယ်စားလှယ်အဖွဲ့ဝင်ကို ပြည်သူလူထုက ကိုယ်စားပြုဒီမိုကရေစီစနစ်နှင့်အညီ အများသဘောတူ ရွေးချယ်တင်မြှောက်ရမည်၊ ဖွဲ့စည်းချမှတ်ရမည်။ ထိုသို့ရွေးချယ်တင်မြှောက်ရာတွင် ဒေသတွင်းရှိ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အုပ်ချုပ်ရေး၊ ယုံကြည်ကိုးကွယ်မှု နှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေးစနစ် စသော မိမိတို့၏ ရေခံ၊ မြေခံနှင့် ကိုက်ညီမည့် အကြောင်းအရာနှင့် အချက်အလက်များအတိုင်း ပြုလုပ်ဆောင်ရွက်သည်။

ဒေသအတွင်းရှိ လူမှုအသိုင်းအဝိုင်းတို့သည် အဓိကကျသော စီရင်၊ ဆုံးဖြတ်၊ သတ်မှတ်ချက်များတွင် ပါဝင်ခွင့်ရှိရမည်။ သို့ဖြစ်ပါ၍ ၎င်းတို့သည် ညီလာခံကိုယ်စားလှယ်များအတွက် စီမံခန့်ခွဲခြင်းနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပိုင်းခြားသတ်မှတ်ပေးရမည်။ ဥပမာအား

ဖြင့် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ စည်းမျဉ်းဥပဒေသများ ရေးဆွဲပြဌာန်းရာတွင်လည်းကောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံနှင့်ရာထူးရာခံများ ဖွဲ့စည်းသတ်မှတ်ထားခြင်း၊ ရာထူးအလိုက်တာဝန်နှင့်လုပ်ပိုင်ခွင့်များသတ်မှတ်ထားခြင်း၊ အစရှိသည့်ကိစ္စရပ်များအတွက် ပါဝင်ခွင့်ရှိရပါမည်။

**အပိုဒ် (၂၉)**

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့် အထွေထွေညီလာခံနှစ်ရပ်လုံး၏ ဖွဲ့စည်းပုံနှင့်အဖွဲ့ဝင်ဖြစ်မှုသည် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံကို ကိုယ်စားပြုသောအရာဖြစ်သည်သာမက အုပ်ချုပ်မှုဆိုင်ရာများနှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အများပြည်သူပါဝင်ခွင့်ကို ခွင့်ပြုရပါမည်။

သို့ဖြစ်၍ ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့်အထွေထွေညီလာခံကိုယ်စားလှယ်များကို နယ်မြေအတွင်းရှိ လူမှုအသိုင်းအဝိုင်းကိုယ်စားလှယ်များ၊ မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရ၏ကိုယ်စားလှယ်များနှင့် ကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ၊ စသည်တို့ဖြင့် ပါဝင်ဖွဲ့စည်းရမည်။

**အပိုဒ် (၃၀)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အထွေထွေညီလာခံတွင် လူမှုအသိုင်းအဝိုင်းကိုယ်စားလှယ်များပါဝင်ခြင်းရှိစေရန်အတွက် ရွာတစ်ရွာလျှင် ကိုယ်စားလှယ် (၂) ဦးစီကို ဒီမိုကရေစီနည်းလမ်းအရ ပွင့်လင်းမြင်သာစွာရွေးချယ်ကာ လူမှုအသိုင်းအဝိုင်းကိုယ်စားလှယ်များအဖြစ်ရွေးကောက်တင်မြှောက်ရမည်။ ဤကဲ့သို့ကိုယ်စားလှယ်ရွေးကောက်ရာတွင် ကျား၊မ တန်းတူညီမျှရေးနှင့် အမျိုးသမီးပါဝင်မှုရှိရေးအတွက် အမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦးစီကို ရွေးချယ်တင်မြှောက်ရမည်။

အထွေထွေညီလာခံရှိ လူမှုအသိုင်းအဝိုင်းကိုယ်စားလှယ်များသည် ၎င်းတို့၏ကျေးရွာအတွက် အဓိကကိုယ်စားပြုစကားပြောပေးရသောသူများဖြစ်သည့်အားလျော်စွာ ၎င်းတို့နှင့်သက်ဆိုင်သည့် လူမှုအသိုင်းအဝိုင်းနှင့် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီတို့အကြားတွင် အဓိကဆက်သွယ်ပေးသူနှင့်သတင်းအချက်အလက်ဖလှယ်ပေးသူများအဖြစ် တာဝန်ရှိကြသည်။ အထွေထွေညီလာခံမှဆုံးဖြတ်လိုက်သောအရာများနှင့် တိုးတက်မှုအခြေအနေကို အောက်ခြေရှိ ကျေးရွာလူမှုအသိုင်းအဝိုင်းများသိရှိနိုင်ရန်နှင့်လိုက်နာဆောင်ရွက်နိုင်ရန် အချိန်နှင့်တစ်ပြေးညီ ပြန်လည်ရှင်းလင်းချပြရမည်။

**အပိုဒ် (၃၁)**

တရားမျှတသော၊ ပွင့်လင်းမြင်သာမှုရှိသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အထွေထွေညီလာခံတွင် လူမှုအသိုင်းအဝိုင်းကိုယ်စားလှယ် (၄) ဦးကို နယ်မြေ၏အုပ်ချုပ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းထားမည်ဖြစ်သည်။

ကျား‌မတန်းတူညီမျှရေး၊ အမျိုးသမီးများပါဝင်မှုမြှင့်တင်ရေးမူအရ လူမှုအသိုင်းအဝိုင်းကိုယ်စားလှယ် (၄) ဦးအနက် အမျိုးသမီး (၂) ဦးအနည်းဆုံးပါဝင်ရပါမည်။

**အပိုဒ် (၃၂)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အထွေထွေညီလာခံတွင် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရအဖွဲ့မှ ဌာနအလိုက်၊ ဒေသအလိုက်၊ မြို့နယ်နှင့် ခရိုင်အဆင့်အလိုက် ကိုယ်စားလှယ် စုစုပေါင်း (၁၄) ဦးပါဝင်ရမည်။ ၎င်းတို့သည် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့် ကေအဲန်ယူအစိုးရတို့အကြား ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်ဖလှယ်မျှဝေပေးခြင်းများ ပြုလုပ်ရမည်။ ထို့အပြင် အထွေထွေညီလာခံမှ ဆုံးဖြတ်ချမှတ်ထားသော အကြောင်းအရာများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အကြောင်းအရာများကိုလည်း မိမိတို့၏သက်ဆိုင်ရာအုပ်ချုပ်ရေးနှင့်ဌာနအသီးသီးထံသို့ အချိန်နှင့်တစ်ပြေးညီ ပြန်လည်မျှဝေချပြရှင်းလင်းခြင်း၊ အစီရင်ခံခြင်းများ ပြုလုပ်ရပါမည်။

**အပိုဒ် (၃၃)**

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အထွေထွေညီလာခံတွင် ရှိသည့် ကေအဲန်ယူအစိုးရကိုယ်စားလှယ်များထဲမှ (၃) ဦးကို ဤနယ်မြေ၏အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များအဖြစ် တရားမျှတစွာ၊ ပွင့်လင်းမြင်သာစွာဖြင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ရမည်။ ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများအား မြှင့်တင်ပေးရေးမူအရ အနည်းဆုံး အမျိုးသမီး (၁) ဦးပါဝင်ရမည်ဖြစ်သည်။

**အပိုဒ် (၃၄)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ ဒေတစ်ခုလုံးကို ထိရောက်စွာ စီမံခန့်ခွဲအုပ်ချုပ်နိုင်ရန်နှင့် ဖွဲ့စည်းတည်ထောင်ရမည့်အရာများကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရအဖွဲ့မှ ကိုယ်စားလှယ်များသည် သဘာဝပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေးကိုရှေးရှုလျက် တောတောင်ရေမြေနှင့်သစ်တောများ ထိခိုက်ပျက်စီးမှုမရှိစေရန် အသိပညာပေးခြင်းနှင့် ကူညီပံ့ပိုးပေးခြင်းများကို လုပ်ဆောင်ပေးရမည်။

**အပိုဒ် (၃၅)**

ပေါခလိုးဌာနေတိုင်းရင်းသားတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏အထွေထွေညီလာခံတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများပါဝင်လုပ်ဆောင်နိုင်ရေးအလို့ငှာဤနယ်မြေအတွင်းလှုပ်ရှားသွားလာပြီးတရားဝင်အသိအမှတ်ပြုခြင်းရရှိထားသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ခုချင်းစီမှ အမျိုးသား (၁) ဦးနှင့် အမျိုးသမီး (၁) ဦး၊ စုစုပေါင်းကိုယ်စားလှယ် (၂) ဦးကို အထွေထွေညီလာခံကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခွင့်ရှိသည်။

**အပိုဒ် (၃၆)**

ပေါခလိုးဌာနေတိုင်းရင်းသားတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အထွေထွေညီလာခံတွင်ရှိသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များထဲမှ ကိုယ်စားလှယ် (၂) ဦးအား အုပ်ချုပ်ရေးကော်မတီဝင်များအဖြစ် တာဝန်ယူရန်အတွက် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ တရားမျှတစွာနှင့် ပွင့်လင်းမြင်သာစွာဖြင့် ရွေးကောက်တင်မြှောက်ရမည်။

ကျား၊ မ တန်းတူညီမျှရေးကို မြှင့်တင်နိုင်ရန်သော်လည်းကောင်း၊ အမျိုးသမီးထုမှ အုပ်ချုပ်မှုနယ်ပယ်တွင် ပိုမိုပါဝင်လာနိုင်ရေး၊ ပါဝင်မှုတွင်လည်း ပိုမိုအားကောင်းလာစေရေးကို ရှေးရှုလျက် အရပ်ဖက်လူမှုအဖွဲ့အစည်း၏ ကိုယ်စားလှယ် (၂) ဦးတွင် အမျိုးသမီး (၁) ဦးပါဝင်ရပါမည်။

**အပိုဒ် (၃၇)**

ညီလာခံတွင်ပါဝင်ခွင့်ရရှိထားသော အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များသည် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏အုပ်ချုပ်ရေးကော်မတီမှ ကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ အတည်ပြုဆုံးဖြတ်ထားသော အကြောင်းအရာများဖြစ်သည့် နိုင်ငံတကာ (သို့မဟုတ်) ဒေသတွင်းရှိ ပြဋ္ဌာန်းထားပြီးသော လူ့အခွင့်အရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသော တန်းတူညီမျှမှုရှိ ခြင်း၊ ခွဲခြားဆက်ဆံမှုကင်းမဲ့ခြင်း၊ ဥပေက္ခာပြုခြင်း (အသိအမှတ်မပြုခြင်း) များမရှိခြင်း၊ သဘာဝပတ်ဝန်းကျင်တရားကို ကာကွယ်စောင့်ရှောက်ခြင်း စသောလုပ်ဆောင်ချက်များကို အဓိကကျသော အရေးကြီးသော ကိစ္စရပ်များအဖြစ်ထားရှိကာ မဖြစ်မနေဖော်ဆောင်ရမည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကဲ့သို့ သဘောထားရပါမည်။ ထိုကောင်းမွန်သောလုပ်ရပ်များအားလုံးကို အသိအမှတ်ပြုရပါမည်။

**အပိုဒ် (၃၈)**

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့်အထွေထွေညီလာခံသည် လုပ်ငန်းကိစ္စရပ်များကို စီမံခန့်ခွဲရာတွင်သော်လည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်သော်လည်းကောင်း၊ လွယ်ကူချောမွေ့စေရေးအတွက် လုပ်ငန်းအလိုက်လိုအပ်လာသော ကော်မတီများ၊ ကော်မတီခွဲများနှင့် အထောက်အကူပြုအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းနိုင်မည်။

ဖွဲ့စည်းထားသော ကော်မတီများ၊ ကော်မတီခွဲများနှင့် အထောက်အကူပြုအဖွဲ့ အသီးသီးများတို့သည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ဖြစ်ပေါ်လာသော ပဋိပက္ခများ၊ ပြဿနာများကို ဖြေလျှော့ခြင်း၊ ကိုင်တွယ်ဖြေရှင်းခြင်း၊ ရင်ကြားစေ့ ညှိနှိုင်းဆွေးနွေးခြင်း၊ ဆက်သွယ်ဆက်ဆံရေးကိစ္စရပ်များဆောင်ရွက်ခြင်း၊ အမျိုးမျိုးသော အကြောင်းအရာများကြောင့် ဒုက္ခရောက်နေသူများ၏အရေးကိစ္စများ ဆောင်ရွက်ခြင်း၊ နေရပ်စွန့်ခွါခံရသူများအတွက် နေရာပြန်လည်ချထားရေးကိစ္စရပ်များဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ စီးပွားရေးဆိုင်ရာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အဦး ထူထောင်ပေးခြင်း၊ မြေယာစီမံခန့်ခွဲခြင်း၊ စာပေနှင့်ရိုးရာယဉ်ကျေးမှုများ၊

ထုံးတမ်းဓလေ့များ၊ အနုသုခုမများ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ဖော်ထုတ်ခြင်း စသည့်လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။

**အပိုဒ် (၃၉)**

အကြံပြုအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းထားရမည်။ အဆိုပါအကြံပြုအဖွဲ့သည် မိမိတို့၏ ပညာဗဟုသုတ၊ ဘဝအတွေ့အကြုံနှင့် အမြင်သဘောထားများကို နယ်မြေ၏အုပ်ချုပ်ရေးကော်မတီနှင့် ညီလာခံကိုယ်စားလှယ်များသို့ မျှဝေအကြံပြုရမည်။ ဥပမာအားဖြင့် ဌာနေလူမျိုးစုအသီးသီးတို့၏ ရိုးရာယဉ်ကျေးမှု၊ လူသားနှင့်သဘာဝတရား၊ သဘာဝပတ်ဝန်းကျင်နှင့် အပြန်အလှန် အညမညတရားဖြစ်တည်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟဗေဒစနစ်ကြီးကို စီမံထိန်းကျောင်းခြင်း၊ ယုံကြည်ခြင်းအယူဝါဒ၊ ဘာသာတရားယုံကြည်ကိုးကွယ်ခြင်း၊ လူမှုဝန်းကျင်ဆက်ဆံရေးတရား၊ စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်သည်။

အကြံပေးအဖွဲ့၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ အဖွဲ့ဝင်နှင့် လုပ်ငန်းတာဝန်များကို ပြည်သူလူထုက ပူပေါင်းဆုံးဖြတ်ပေးရမည်။ အကြံပေးအဖွဲ့တွင် ပါဝင်သင့်ပါဝင်ထိုက်သော ပုဂ္ဂိုလ်များမှာ ရှေ့မှီနောက်မှီပုဂ္ဂိုလ်များ၊ အသိပညာရှင်အတတ်ပညာရှင်များ၊ သဘာဝအရင်းအမြစ်နှင့်ပက်သက်ပြီး ကျွမ်းကျင်ပညာရှင်များ၊ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များ၊ သက်ဆိုင်ရာဥပဒေ၊ စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်တွင် ကျွမ်းကျင်သည့်ပညာရှင်များနှင့် မိရိုးဖလာအကြီးအကဲများ ပါဝင်ရမည်။

**အပိုဒ် (၄၀)**

ဒေသခံပြည်သူလူထု၏ မျှော်လင့်တောင့်တချက်၊ ၎င်းတို့၏အကျိုးစီးပွားနှင့် လိုအပ်ချက်များအား ထိရောက်စွာဖြည့်စွက်ဆောင်ရွက်ပေးနိုင်ရန်၊ အထူးသဖြင့် အများ၏ဖယ်ကျဉ်ခြင်းနှင့် ဥပေက္ခာပြုခြင်းကိုခံရသောသူများအတွက် အကောင်းဆုံးဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ဤနယ်မြေ၏အုပ်ချုပ်ရေးကော်မတီသည် အထွေထွေညီလာခံတွင် အမျိုးသားနှင့်အမျိုးသမီးကိုယ်စားလှယ်ပါဝင်မှုအချိုးအစား မျှတအောင် အကောင်းဆုံးစွမ်းဆောင်ရမည်။

**အပိုဒ် (၄၁)**

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်စီမံခန့်ခွဲမှုယန္တရားသည် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရ၏ အုပ်ချုပ်စီမံခန့်ခွဲမှု ယန္တရားစနစ်ပုံစံနှင့် လိုက်လျော်ညီထွေမှု၊ သဟဇာတဖြစ်မှုရှိရပါမည်။ အကြောင်းတစ်စုံတစ်ရာကြောင့် လူမှုအသိုင်းအဝိုင်း၏ စီမံအုပ်ချုပ်မှုနှင့် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရအုပ်ချုပ်မှုတို့အကြား ထပ်တူညီမှုမရှိပဲ ပွတ်တိုက်မှုဖြစ်ပေါ် လာနိုင်ရန် အခြေအနေရှိလာပါက မိရိုးဖလာထုံးတမ်းဓလေ့၏ ဒေသအကြီးအကဲများ၏ ထုံးတမ်းဓလေ့အရ စီရင်ဆုံးဖြတ်အတည်ပြုမှုလည်း အပြီးအပြတ် အပြီးသတ်ဖြစ်စေရပါမည်။

သို့သော်လည်း မိရိုးဖလာထုံးတမ်းဓလေ့အရ ဆုံးဖြတ်စီရင်လိုက်သောအရာသည် ထိခိုက်နစ်နာမှု၊ ဥပေက္ခာပြုမှု (သို့အဟုတ်) တစ်ဦးတစ်ယောက် (သို့မဟုတ်) လူအများစု၏ အခွင့်အရေး တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေပါက ပေါခလိုးဌာနေတိုင်းရင်းသားတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီသည် ဝင်ရောက်၍စီရင်ဆုံးဖြတ်ပေးရပါမည်။

**အပိုဒ် (၄၂)**

အထွေထွေညီလာခံတွင် အုပ်ချုပ်ရေးကော်မတီနှင့် ညီလာခံကိုယ်စားလှယ်များမှ အကြောင်းအရာတစ်ခုခုအပေါ် သဘောတူညီမှုမရရှိနိုင်ပဲ ဆုံးဖြတ်ချက်များမချနိုင်သောအခါ၊ သဘောတူညီမှုမရရှိနိုင်သည့် အဆိုပါအကြောင်းအရာသည်လည်း လူမှုအသိုင်းအဝိုင်း၏ အကျိုးကိုထိပါးစေနိုင်သောအရာဖြစ်ပါက အရေးပေါ်ညီလာခံအစည်းအဝေးတစ်ရပ်ကို အမြန်ဆုံးခေါ်ယူကျင်းပ၍ အတူတကွ အဖြေရှာဖွေသောနည်းလမ်းကို ကျင့်သုံးရပါမည်။

**အပိုဒ် (၄၃)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီသည် နယ်မြေဒေသအတွင်းဝင်ရောက်လာမည့် အနာဂတ်စီမံကိန်းကြီးများ၊ အထူးသဖြင့် စီမံကိန်းလုပ်ပိုင်ခွင့်ရရှိထားသည့်နယ်နိမိတ်ကိုကျော်လွန်ပြီး အများပိုင်အရင်းအမြစ်များဖြစ်သည့် လေထု၊ မြေထုနှင့် ရေထုကို ညစ်ညမ်းပျက်စီးစေနိုင်သည့် စီမံကိန်းကြီးများနှင့်ပက်သက်ပြီး လူမှုရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာစစ်တမ်းကိုဆောင်ရွက်ရန် တိုက်ရိုက်တာဝန်ရှိသည်။

ထိခိုက်နစ်နာမှုခံရသောဌာနေလူမျိုးစုများနှင့် အနေကြာမြင့်နေပြီးဖြစ်သော ဒေသခံလူမှုအသိုင်းအဝိုင်းတို့သည် မိမိတို့ခံစားနေရသော အခြေအနေများ၊ အမြင်နှင့်သဘောထားများကို ပွင့်လင်းမြင်သာစွာနှင့်လွတ်လပ်စွာတင်ပြခွင့်ရှိသကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်မည့် အရာများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းနှင့် ကဏ္ဍများတွင် ပါဝင်ပက်သက်ခွင့်ရှိသည်။ မည်သို့ပင်ဖြစ်စေ အကောင်အထည်ဖော်ဆောင်လိုသောအရာအားလုံးနှင့် စီရင်ဆုံးဖြတ်မည့်အရာများအားလုံးသည် ဒေသခံလူမှုအသိုင်းအဝိုင်း၏ ခွင့်ပြုချက်နှင့် သဘောတူညီချက်ကို ရယူရပါမည်။

**အပိုဒ် (၄၄)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ဌာနေလူမျိုးစုများနှင့်ဒေသခံပြည်သူတို့သည် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရ၏ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူတကွ ပူးပေါင်းပါဝင်၍ အများပြည်သူတို့နှင့်သက်ဆိုင်သည့်အရေးကိစ္စများကို စီမံခန့်ခွဲအုပ်ချုပ်ရမည်။

**အပိုဒ် (၄၅)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ လူမှုအသိုင်းအဝိုင်းအားလုံးသည် ၎င်းတို့၏နယ်မြေဒေသအတွက် သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးကော်မတီကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပွင့်လင်းမြင်သာသောလုပ်ငန်းစဉ်နှင့် အများပြည်သူအားအခွင့်အလမ်းပေးသောလုပ်ငန်းစဉ်များဖြင့် ရွေးကောက်တင်မြှောက်ပြီး ဖွဲ့စည်းရမည်။ ရွေးချယ်တင်မြှောက်ခြင်းခံရသောကော်မတီနှင့်ကော်မတီဝင်များသည် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့်အကြံပေးအဖွဲ့ စသည်တို့နှင့် နီးကပ်စွာလက်တွဲအလုပ်လုပ်ရမည်။

**အပိုဒ် (၄၆)**

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီသည် အများပြည်သူတို့နှင့်သက်ဆိုင်သည့်အရေးကိစ္စများကို ဦးစီးစီမံခန့်ခွဲပေးမည့် အာဏာခွဲဝေပေးထားသော စီမံခန့်ခွဲရေးကော်မတီများအား စီမံခန့်ခွဲရေးတာဝန်နှင့်လုပ်ငန်းများကို ခွဲဝေအပ်နှင်းရမည်။

လူထုနှင့်လူမှုအသိုင်းအဝိုင်းတို့သည် ၎င်းတို့ နှင့်သက်ဆိုင်သော စီမံခန့်ခွဲရေးကော်မတီ၏ ကိုယ်စားပြုနယ်မြေ၊ လုပ်ပိုင်ခွင့်နယ်ပယ်၊ နှင့် တာဝန်များကို ဆုံးဖြတ်သတ်မှတ်ပေးရမည်။ ပြည်သူလူထုနှင့်လူမှုအသိုင်းအဝိုင်းတို့သည် အကယ်၍ စီမံခန့်ခွဲရေးကော်မတီတစ်ခုတည်းရှိသည့် အုပ်ချုပ်ရေးစနစ်တစ်ခုတည်းအဖြစ် တည်ရှိလိုပါက စုပေါင်းဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

အုပ်ချုပ်ရေးစနစ် (ဥပမာ - စီမံခန့်ခွဲရေးကော်မတီ) တစ်ခုတည်းမကနှင့်သက်ဆိုင်သည့် သဘာဝရင်းအမြစ်နှင့်မြေယာများ၊ စသည်တို့နှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် အငြင်းပွားမှုနှင့် သဘာထားကွဲလွဲမှုများကို ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီက ကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိသည်။

**အပိုဒ် (၄၇)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေတွင် ရေးသားပြဌာန်းထားသောလုပ်ငန်းလမ်းညွှန်များ၊ စည်းမျဉ်းစည်းကမ်းဥပဒေများနှင့် ပေါ်လစီဟူသမျှတို့သည် ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် လူမျိုးစုများတို့၏ ဓလေ့ထုံးတမ်းများ၊ ရိုးရာယဉ်ကျေးမှုများ နှင့် ရိုးရာအယူဝါဒများ စသည်တို့အပေါ် ထိခိုက်နစ်နာမှု၊ ဆန့်ကျင်မှုမရှိစေရန် စီစစ်သုံးသပ်ဆန်းစစ်ပြီးမှသာ ရေးဆွဲပြဌာန်းရပါမည်။

လုပ်ငန်းလမ်းညွှန်းလုပ်ဆောင်ချက် (ပေါ်လစီ) များသည် လူမှုအသိုင်းအဝိုင်းတို့၏ လူမှုအသိုင်းအတိုင်းတို့၏ အများဆိုင်အကျိုးစီးပွားကို ထိပါးစေခြင်း၊ ဖျက်စီးစေရန် သက်ရောက်ပါက ပြန်လည်ပြင်ဆင်တည့်မတ်၍ အကောင်းဆုံးသောပေါ်လစီကို ရေးဆွဲပြဌာန်းရပါမည်။

**အပိုဒ် (၄၈)**

မိမိတို့၏ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိပြည်သူလူထု များနှင့် လူမှုအသိုင်းအဝိုင်းတို့သည်

- ၎င်းတို့၏ကိုယ်ပိုင် ကျေးရွာ (သို့မဟုတ်) လူမှုအသိုင်းအဝိုင်း၏ဖွဲ့စည်းတည်ဆောက်ပုံကို ၎င်းတို့ကိုယ်တိုင် ချမှတ်ခြင်း
- ပြည်သူလူထုအများစု၏အရေးနှင့်ပတ်သက်ပြီး ပါဝင်ခြင်းနှင့်ဆုံးဖြတ်ခြင်း
- ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီ နှင့် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူ အစိုးရတာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အထူးသဖြင့် မြေယာကဏ္ဍနှင့် နယ်မြေဒေသစီမံခန့်ခွဲခြင်းဆိုင်ရာများကို စောင့်ကြည့် လေ့လာခြင်း၊ အကြံပြုဆွေးနွေးခြင်းများ လုပ်ဆောင်ခြင်း

စသည်တို့ကို ပြုလုပ်နိုင်သည်။

**အပိုဒ် (၄၉)**

ဒေသခံလူမှုအသိုင်းအဝိုင်းတို့၏ လိုအပ်ချက်၊ တောင်းဆိုတင်ပြချက်၊ နှင့် လိုအင်ဆန္ဒများ ကို တရားမျှတစွာနှင့် ပွင့်လင်းမြင်သာစွာဖြင့် ဆန်းစစ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ပေါခလိုး ဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီသည် ဘက်ပေါင်းစုံ အတွက်အကျိုးဝင်၍ အများပြည်သူလွယ်ကူစွာလုပ်ဆောင်နိုင်သည့် ရိုးရှင်းလွယ်ကူသော ချိတ်ဆက်၊ ဆက်သွယ်ရေးစနစ်လမ်းကြောင်းကို ဖန်တီးပေးရမည်။

**အပိုဒ် (၅၀)**

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြစ်စေ၊ လူမှုအသိုင်းအဝိုင်းတစ်ခုဖြစ်စေ၊ နယ်မြေဒေသ တစ်ခုခုဖြစ်စေ၊ သို့မဟုတ် ညီလာခံကိုယ်စားလှယ်များဖြစ်စေ ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်း စောင့်ရှောက်သည့်နယ်မြေတွင် ဆက်လက်ပူးပေါင်းပါဝင်လိုသောစိတ်ဆန္ဒ မရှိတော့ခြင်း၊ မိမိကိုယ်ကို ကော်မတီဝင်၊ နယ်မြေ၏တာဝန်ရှိသူတစ်ဦးအဖြစ် ခံယူလိုစိတ်မရှိတော့ခြင်း၊ ဤကဲ့သို့သောအရေး ကိစ္စများပေါ်ပေါက်လာလျှင် ကိုင်တွယ်ဖြေရှင်းရန်အတွက် အုပ်ချုပ်ရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေး ရန်လိုအပ်ပြီး သက်ဆိုင်ရာ စည်းမျဉ်းဥပဒေများ (မူဝါဒများ)၊ လုပ်ထုံးလုပ်နည်းနှင့် မူဝါဒများကို ပြန်လည်ကြည့်ရှုကာ ဤအရေးကိစ္စအတွက် အကောင်းဆုံးသောဖြေရှင်းချက်ကို ရှာဖွေရမည်။

## အပိုင်း (၂.၄) စည်းမျဉ်းစည်းကမ်းများ၏ အခြေခံသဘောတရား

### အပိုဒ် (၅၁)

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်း အများပြည်သူတို့နှင့်သက်ဆိုင်သည့်အရေးကိစ္စများကို စီမံခန့်ခွဲရာတွင် လိုအပ်သောစည်းမျဉ်းစည်းကမ်းများကို ရေးဆွဲချမှတ်နိုင်ရန်ရည်ရွယ်၍ အောက်ပါစည်းမျဉ်းမူဘောင်များကို ရေးဆွဲထားသည်။ ဤနယ်မြေအတွင်းရှိ လူမှုအသိုင်းအဝိုင်းအားလုံး စုပေါင်းလက်ခံကျင့်သုံးနိုင်သော အုပ်ချုပ်စီမံကွပ်ကဲမှုစနစ်ကို ဖွဲ့စည်းချမှတ်ရာတွင် အောက်ပါစည်းမျဉ်း စည်းကမ်းများက အထောက်အကူပြုမည်ဖြစ်သည်။

### အပိုဒ် (၅၂)

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အခြေခံဥပဒေသည် လူထုအား အကြပ်ကိုင်ချုပ်ချယ်သော ဥပဒေမဟုတ်ပါ။ သို့သော် ဤနယ်မြေတွင် ပါဝင်နေထိုင်လိုသည့် လူမှုအသိုင်းအဝိုင်းဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းကဖြစ်စေ၊ စိတ်ဖြောင့်မှန်စွာနှင့် အမှန်တကယ် လက်ခံ၍လိုက်နာရမည့် ဥပဒေဖြစ်ပါသည်။ ပေါခလိုးဌာနလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ ဖြစ်မြောက်ရေးအတွက် ယာယီချမှတ်ထားသည့် ဖြစ်မြောက်ရေးကော်မတီမှ ချမှတ်သော ဆန္ဒခံယူပွဲစည်းမျဉ်းစည်းကမ်းများနှင့် လမ်းညွှန်ချက်များအရ နယ်မြေအတွင်း အရွယ်ရောက်ပြီးသူ (၁၈ နှစ်နှင့်အထက်) အနည်းဆုံး (၇၅%) က ထောက်ခံသဘောတူမှသာ အခြေခံဥပဒေကို အတည်ပြုနိုင်သည်။ ဆန္ဒခံယူပွဲအတွင်း လိုအပ်သည့်အနည်းဆုံးလူဦးရေးရာခိုင်နှုန်း၏ထောက်ခံမှုကိုရသည်နှင့်တစ်ပြိုင်နက် နယ်မြေ၏ဖြစ်မြောက်ရေးကော်မတီသည် အခြေခံဥပဒေကို လက်မှတ်ရေးထိုးပြီးတရားဝင်အတည်ပြုကြေငြာသွားမည်။

### အပိုဒ် (၅၃)

ဤနယ်မြေဒေသနှင့် ဤနယ်မြေ၏ တစ်မူထူးခြားသော ယဉ်ကျေးမှု၊ ဓလေ့ရိုးရာနှင့်သဘာဝပတ်ဝန်းကျင်တို့အား စီမံအုပ်ချုပ်သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မိရိုးဖလာဓလေ့ထုံးတမ်းစည်းကမ်းများ၊ နှင့် လူမှုအသိုင်းအဝိုင်းကျင့်ဝတ်စည်းကမ်းများ ပိုမိုကောင်းမွန်အောင် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ပြည်သူလူထုအားလုံးက ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်ရမည်။

ဒေသခံပြည်သူလူထုအများ လွတ်လပ်စွာဖြင့် သဘောတူလက်ခံဆုံးဖြတ်ထားပြီးသော ကျေးရွာတစ်ရွာဖြစ်စေ၊ အုပ်ချုပ်ရေးစနစ်တစ်ခုဖြစ်စေ၊ အောက်ပါအချက်များနှင့်ဆက်စပ်သည့် စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းထားရမည်။

- မိရိုးဖလာ (နှင့်/သို့မဟုတ်) ကောင်းမွန်သော လူမှုအသိုင်းအဝိုင်းကျင့်ဝတ်စည်းကမ်းများ
- ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေနှင့် ပက်သက်သော အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာများ

- ပိုင်ဆိုင်မှုရှိထားသော နယ်နိမိတ်ဧရိယာ (သို့မဟုတ်) ပုဂ္ဂလိကပိုင်တရားဝင် လုပ်ကွက်နေရာများရှိ သဘာဝသံယံဇာတများကို ရယူသုံးစွဲပိုင်ခွင့်များ

အထက်ပါ စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများအား တစ်စုံတစ်ဦး (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုခုမှ ချိုးဖောက်ပါက ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရတို့၏ လမ်းညွှန်မှုနှင့်ကူညီပံ့ပိုးမှုတို့နှင့်အတူ သက်ဆိုင်ရာလူမှုအသိုင်းအဝိုင်းမှ မည်ကဲ့သို့ကိုင်တွယ်အရေးယူအပြစ်ပေးရမည်ကို ဆုံးဖြတ်ရမည်။

## အပိုဒ် (၅၄)

အခြေအနေတစ်ခုခုအရသော်လည်းကောင်း (သို့မဟုတ်) ဖော်ဆောင်ရမည့် ကိစ္စရပ်တစ်ခုခုအပေါ်တွင် သော်လည်းကောင်း၊ ဥပဒေစည်းမျဉ်းများ (သို့မဟုတ်) လုပ်ငန်းလမ်းညွှန်ပေါ်လစီများ တိတိကျကျရေးဆွဲပြဋ္ဌာန်းချမှတ်ခြင်းမရှိပါက လူထု (သို့မဟုတ်) လူမှုအသိုင်းအဝိုင်းတို့သည် မြိတ်-ထားဝယ်ခရိုင်ကေအဲန်ယူအစိုးရ၏ ဥပဒေစည်းမျဉ်း (သို့မဟုတ်) လုပ်ငန်းလမ်းစဉ်ပေါ်လစီကိုသာ ကိုးကားအသုံးပြုရပါမည်။

## အပိုဒ် (၅၅)

ဒေသခံလူမှုအသိုင်းအဝိုင်းတို့သည် သဘာဝအရင်းအမြစ်၊ မြေယာ၊ သစ်တော၊ မြစ်ချောင်းအင်းအိုင်များ၊ တောရိုင်းတိရစ္ဆာန်နှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ စသည်တို့နှင့် ပက်သက်ပြီး ၎င်းတို့ကျင့်သုံးလာခဲ့သည့် တစ်မူထူးခြားသော ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် မိရိုးဖလာစီမံခန့်ခွဲမှု ဓလေ့ထုံးတမ်းများကို ပြန်လည်ဖော်ထုတ်ရေးဆွဲရမည်။ ဤသို့လုပ်ဆောင်ရာတွင် တရားမျှတမှုရှိရမည်၊ ဒီမိုကရေစီနည်းလမ်းနှင့် ညီညွတ်ရမည် ပွင့်လင်းမြင်သာမှုရှိရမည်။

လူမှုအသိုင်းအဝိုင်း၏ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများက ပေါခလိုးဌာနေလူမျိုးတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အခြေခံဥပဒေပါမူဝါဒများနှင့် ကိုက်ညီမှုမရှိပဲ ပွတ်တိုက်မှု၊ ဆန့်ကျင်မှုတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာလူမှုအသိုင်းအဝိုင်း၏ ကိုယ်စားလှယ်တို့သည် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီဆီသို့ တင်ပြ၍ နှစ်ဦးနှစ်ဖက်လက်ခံအတည်ပြုနိုင်သည်အထိ ပြန်လည်စီစပ်သုံးသပ်ကာ အကောင်းဆုံးဖြေရှင်း ဆောင်ရွက်ရပါမည်။

## အပိုဒ် (၅၆)

လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ လူမှုအသိုင်းအဝိုင်းများကဖြစ်စေ၊ အိမ်ထောင်စုအလိုက်ဖြစ်စေ၊ ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရန် (သို့မဟုတ်) ဖြည့်စွက်ရန်အတွက် ပေါခလိုးဌာနေမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီဆီသို့ အကြံပြုတင်ပြခွင့်ရှိသည်။ သို့သော်လည်း အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရန်အတွက် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏

နှစ်ပတ်လည်အထွေထွေညီလာခံတွင် အနည်းဆုံး လူမှုအသိုင်းအဝိုင်းကိုယ်စားလှယ် (၇၅%) ၏ အတည်ပြုထောက်ခံချက်ကို လိုအပ်သည်။

**အပိုဒ် (၅၇)**

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ သဘာဝအရင်းအမြစ်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား လူမှုအသိုင်းအဝိုင်းတို့မှ ပါဝင်စီမံခန့်ခွဲ၊ ပံ့ပိုး၊ ကိုင်တွယ်၊ အုပ်ချုပ်နိုင်ရန် ဒေသခံလူမှုအသိုင်းအဝိုင်းတို့သည် အသိပညာပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သင်ယူခြင်းအစီအစဉ်များတွင် စိတ်ပါဝင်စားစွာပါဝင်လေ့လာသင်ယူခြင်းဖြင့် ၎င်းတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာများကို မြှင့်တင်ရမည်။

**အပိုဒ် (၅၈)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်း မှီတင်းနေထိုင်လျက်ရှိသော လူမှုအသိုင်းအဝိုင်းအားလုံးသည် ရှေးမိဘဘိုးဘွားအဆက်ဆက်က လက်ဆင့်ကမ်းကျင့်သုံးလာခဲ့သော စည်းမျဉ်းစည်းကမ်းများ၊  မူဝါဒများနှင့် အသိပညာများကို လေးစားရမည်၊ မြှင့်တင်ရမည်၊ တန်ဖိုးထားလိုက်နာဆောင်ရွက်ရမည်။

**အပိုဒ် (၅၉)**

ပြည်သူလူထုနှင့် လူမှုအသိုင်းအဝိုင်းတို့သည် သက်ဆိုင်ရာအစိုးအရဌာနများထံမှ သတင်းအချက်အလက်များကို သိရှိပိုင်ခွင့်၊ ရရှိပိုင်ခွင့်ရှိသည်။ တစ်ချိန်တည်းတွင် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးတို့နှင့်ပက်သက်ပြီး စီရင်ဆုံးဖြတ်ချက်များချမှတ်ရာတွင် ၎င်းတို့ပါဝင်ခွင့်ရှိသည်။

မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရနှင့် ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီတို့သည် ဤအခြေခံဥပဒေပါ စည်းမျဉ်းစည်းကမ်းများကို တစ်သဝေမတိမ်း လိုက်နာရမည်။ ထို့အပြင် သတင်းအချက်အလက်များကို လူမှုအသိုင်းအဝိုင်းများ သဘောပေါက်နားလည်လွယ်သော ဘာသာစကားနှင့် အရေးအသားများဖြင့် ပြင်ဆင်ပြီး လက်တွေ့ကျသော၊ ထိရောက်သောနှင့် လျှင်မြန်စွာရယူနိုင်သောနည်းလမ်းများဖြင့် ဒေသခံပြည်သူလူထုများ ရရှိနိုင်အောင်ဆောင်ရွက်ရမည်။

# အခန်း (၃)။  ငြိမ်းချမ်းရေးနှင့် တရားမျှတရေး

## အပိုင်း (၃.၁) ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပြန်လည်သင့်မြတ်ရေး အတွက် ဆောင်ရွက်ခြင်း

### အပိုဒ် (၆၀)

ခေတ်အဆက်ဆက် ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် ဌာနေလူမျိုးစုတို့အပေါ်ကျူးလွန်လာသည့် ဗမာ အစိုးရ (မဟာလူမျိုးကြီးဝါဒ) နှင့် စစ်အာဏာရှင်တို့၏ လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးမျိုး၊ အကြမ်းဖက်မှုနှင့် ဖိနှိပ်ချုပ်ချယ်မှုစနစ်များက ဌာနေလူမျိုးစုတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ငြိမ်းချမ်းရေးကို များစွာထိခိုက်သည်။ ထိုသို့သောမဟာလူမျိုးကြီး ကြီးစိုးလွှမ်းမိုးရေးဝါဒီနှင့် စစ်အာဏာရှင်၏ မတရားသဖြင့်လုပ်ရပ်များကို တုံ့ပြန်ခုခံသည့်အနေဖြင့် မြိတ်-ထားဝယ်ခရိုင်အတွင်းရှိ ဒေသခံပြည်သူလူထုအားလုံးတို့သည် မိမိတို့၏စည်းလုံးညီညွတ်မှုကိုဖော်ပြလျက် ပေါလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေတွင် ငြိမ်းချမ်းရေး၊ လူမှုဘဝလုံခြုံရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို ညီညီညွတ်ညွတ်ဖော်ဆောင်သွားမည်။

### အပိုဒ် (၆၁)

ပေါလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ပြည်သူလူထုများသည် စစ်ပွဲကြောင့်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း၊ နေရပ်စွန့်ခွာရသူများအား နေရာပြန်လည်ချထားခြင်းများဆောင်ရွက်ရာတွင် ၎င်းတို့၏ မြို့ ရွာ၊ ဒေသများသို့ ဂုဏ်သိက္ခာရှိစွာ ပြန်လည်နေထိုင်နိုင်ရေးကို အသိအမှတ်ပြုခြင်း၊ လေးစားတန်ဖိုးထားခြင်းများ ရှိရမည်။ တက်ကြွစွာပူးပေါင်းပါဝင်ခြင်းလည်း ရှိရမည်။

### အပိုဒ် (၆၂)

စစ်ပွဲကြောင့်ဖြစ်စေ၊ ဒေသဖွံ့ဖြိုးရေးအတွက်ဖြစ်စေ၊ နိုင်ငံတော်စီမံကိန်းအတွက်ဟူသော အကြောင်းပြချက်ကြောင့်ဖြစ်စေ အစရှိသည်များကို အကြောင်းပြု၍ အဓမ္မမြေယာသိမ်းဆည်းခြင်းခံရသူများအတွက် လူမှုအဖွဲ့အစည်းများမှ ထောက်ပံ့ကူညီသော လူ့အသုံးအဆောင်ပစ္စည်းများ၊ မြေနေရာများ၊ စားနပ်ရိက္ခာများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ အစရှိသော လူမှုအထောက်အပံ့များရရှိရေးကို မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရသည် ပေါလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့် အတူပူးပေါင်းပါဝင်လုပ်ဆောင်မည်ဖြစ်သည်။

အဓမ္မမြေယာသိမ်းဆည်းခြင်းခံရသူတို့အတွက် အစားထိုးမြေနေရာ (သို့မဟုတ်) မြေ၏ကာလတန်ဖိုးနှင့်ကိုက်ညီသောလျော်ကြေးငွေကို ပေးလျော်ရမည်။ အဆိုပါကိစ္စရပ်များအတွက် ခံစားခွင့်ရှိရန် အာမခံချက် ရှိရပါမည်။

**အပိုဒ် (၆၃)**

မြိတ်-ထားဝယ်ခရိုင်ကေအဲန်ယူအစိုးရသည် ဒေသတွင်းပြည်သူလူထုများ၏ လုံခြုံရေးကို တာဝန်ယူရန် ရှိသကဲ့သို့ ပြင်ပလူများမှဝင်ရောက်၍ မြေယာများကို လုယူခြင်း၊ သိမ်းဆည်းခြင်းမျိုးမရှိစေရန်ကာကွယ်ရပါမည်။ မည်သူမဆို ဤနယ်မြေအတွင်းသို့ဝင်ရောက်လိုပါက ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့် မြိတ်-ထားဝယ်ခရိုင်ကေအဲန်ယူအစိုးရ၏ ခွင့်ပြုချက်ကို ရယူရမည်။ အလားတူ အစိုးရ၏တပ်မတော်ဖြစ်စေ၊ အခြားသော လက်နက်ကိုင်အဖွဲ့အစည်း တစ်ခုခုဖြစ်စေ၊ စီးပွားရေးအဖွဲ့အစည်းဖြစ်စေ သက်ဆိုင်ရာ၏ ခွင့်ပြုမိန့်နှင့် ခွင့်ပြုချက်ရယူရန် လိုအပ်သည်။

**အပိုဒ် (၆၄)**

မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရနှင့် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီတို့သည် မိမိတို့၏နယ်မြေဧရိယာအတွင်းရှိ စစ်တပ်စခန်းများကို ရုတ်သိမ်းသွားရန် ကြိုးစားဆောင်ရွက်ရမည်။ နယ်မြေအတွင်းရှိ ဒေသခံပြည်သူလူထုများ၏ လုံခြုံမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဖြစ်သည်။

**အပိုဒ် (၆၅)**

ဤနယ်မြေဒေသအတွင်း မှီတင်းနေထိုင်ကြသောပြည်သူလူထုများသည် ၎င်းတို့ (သို့မဟုတ်) ၎င်းတို့၏လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးကောင်းကျိုးအတွက် ၎င်းတို့အကြား ပြဿနာတစ်စုံတစ်ရာ (သို့မဟုတ်) အမုန်းတရားကို ဖြစ်ပွားစေမည့် အပြောအဆို၊ အပြုအမူများ လုံးဝမပြုလုပ်ရ။

**အပိုဒ် (၆၆)**

လူမှုအသိုင်းအဝိုင်းထဲတွင်ဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအကြားတွင်ဖြစ်စေ ရန်ပွဲများ (သို့မဟုတ်) ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက မိမိတို့၏ ရိုးရာဓလေ့ (သို့မဟုတ်) ကျင့်စဉ်ကျင့်ထုံးလမ်းစဉ်အရ ငြိမ်းချမ်းစွာ ဖြေရှင်းစီရင်ရမည်။

**အပိုဒ် (၆၇)**

ဒေသတွင်း အုပ်ချုပ်စီမံကွပ်ကဲမှု၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများ၊ လုပ်ကိုင်ဆောင်ရာတွင် အကျင့်ပျက်ခြစားစေသော၊ လာဘ်ပေးလာဘ်ယူမှု၊ လိမ်လည်မှု၊ မရိုးမဖြောင့်သောလုပ်ရပ်များ လုံးဝ (လုံးဝ) မရှိစေရပါ။ လက်ခံခွင့်ပြုမည်မဟုတ်ပါ။

**အပိုဒ် (၆၈)**

ပြစ်မှုတစ်ခုခုကျူးလွန်သည်ဟုစွပ်စွဲခံထားရသူများ၏ အခွင့်အရေးနှင့်သိက္ခာကို လူမှုအသိုင်းအဝိုင်းစည်းမျဉ်းဥပဒေ၊ ကျင့်ဝတ်များနှင့်အညီလေးစားရမည်။ ပြစ်မှုကျူးလွန်သူသည်အသက်မပြည့်သေးသော လူငယ်လူရွယ်များ၊ သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများ၊ နာတာရှည်ရောဂါသည်များ၊ ကိုယ်ဝန်ဆောင်မိခင် (သို့မဟုတ်) နို့တိုက်မိခင်များဖြစ်ပါက ၎င်းတို့အတွက် သီးခြားအစီအစဉ်ဖြင့် စီစဉ်၍ တရားစီရင်မည်ဖြစ်သည်။

**အပိုဒ် (၆၉)**

တရားစီရင်ဆုံးဖြတ်ရာတွင် ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး အများပြည်သူလာရောက်ကြားနာခွင့်ရှိသည့် တရားခွင်ဖြစ်ရမည်။ ပြစ်ဒဏ်ချမှတ်ရာတွင် လူမှုအသိုင်းအဝိုင်းအတွင်းရှိသည့် စည်းမျဉ်းစည်းကမ်းနှင့်ကျင့်ဝတ်များ၊ ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အခြေခံဥပဒေ (သို့မဟုတ်) ကေအဲန်ယူ၏ ဥပဒေနှင့် မူဝါဒများအပြင် အခြားသက်ဆိုင်သည့်ဥပဒေများတွင် ရေးဆွဲပြဋ္ဌာန်းထားသော ပုဒ်မများအပေါ်အခြေခံ၍ ပြစ်ဒဏ်ချမှတ်ရမည် ဖြစ်ပါသည်။ လူမှုအသိုင်းအဝိုင်းတို့သည် မိမိတို့ဒေသတွင်းပြဿနာနှင့်မိမိနယ်မြေက သတ်မှတ်ထားသော စည်းကမ်းသတ်မှတ်ချက်များ၊ တားမြစ်ကန့်သတ်ချက်များအပေါ် ကျူးလွန်ဖောက်ဖျက်မှုများကို ဖြေရှင်းစီရင်ရမည်။ သဘောထားတိုက်ဆိုင်မှုမရှိသောအခါ (သို့မဟုတ်) ကြီးလေးလွန်းသောပြစ်မှုဖြစ်ပါက ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အထွေထွေညီလာခံကချမှတ်သောစီရင်ဆုံးဖြတ်ချက်သည် အပြီးသတ်ဖြစ်ရမည်။

**အပိုဒ် (၇၀)**

အမှုအခင်းတစ်ခုအတွက် အမှုအခင်းတွင်ပါဝင်သည့် တရားသူကြီး၊ ဒေသခံလူမှုအသိုင်းအဝိုင်း၊ နှင့် ဥပဒေရေးရာလမ်းကြောင်းအရ သဘောတူညီလက်ခံမှုများရရှိပြီးမှသာလျှင် အမှုကို အပြီးသတ်စီရင်ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

# အခန်း (၄) ။ ပြီးပြည့်စုံသော သဘာဝပတ်ဝန်းကျင်နှင့် မြေယာဆိုင်ရာစီမံခန့်ခွဲခြင်း

## အပိုင်း (၄.၁) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထွေထွေစည်းကမ်းချက်များ

### အပိုဒ် (၇၁)

တရားမျှတမှု၊ သဘာဝပတ်ဝန်းကျင်အား ရေရှည်တည်တံ့ခိုင်မြဲစေခြင်းနှင့်သင့်လျော်မှန်ကန်မှု စသည်တို့နှင့်ပြည့်စုံသော သဘာဝပတ်ဝန်းကျင်အရင်းအမြစ် စီမံခန့်ခွဲရေးနှင့်ထုတ်ယူသုံးစွဲရေးစနစ်ကို ပံ့ပိုးနိုင်ရန်ရည်ရွယ်၍ အောက်ပါအတိုင်း အခြေခံမူများကို ချမှတ်သည်။ မြေယာ၊ နယ်မြေဒေသနှင့် သဘာဝအရင်းအမြစ် စသည်တို့အား စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်သူလူထုနှင့် လူမှုအသိုင်းအဝိုင်းအားလုံးသည် စစ်မှန်သောစိတ်နေသဘောထားများဖြင့် သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းလုပ်ငန်းလမ်းညွှန်များကို ပူးပေါင်းရေးဆွဲချမှတ်ရမည်။

### အပိုဒ် (၇၂)

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်း မှီတင်းနေထိုင်လျက်ရှိသော ဒေသခံပြည်သူလူထုနှင့် လူမှုအသိုင်းအဝိုင်း၏ လူနေမှုပုံစံ၊အကျိုးစီးပွားနှင့် သယာဝပြောရေးတို့သည် သဘာဝသစ်ပင် ပတ်ဝန်းကျင်နှင့်နက်ရှိုင်းစွာ အပြန်အလှန်အမှီသဟဲ ပြုလျက်ရှိနေသည်။ သန့်ရှင်းသော၊ ကျန်းမာသောနှင့် ထာဝစဉ်ရှင်သန်သော သဘာပတ်ဝန်းကျင်နှင့်အတူ နေထိုင်ခွင့်သည် ၎င်းတို့၏မွေးရာပါ လူ့အခွင့်အရေးဖြစ်ပြီး ဤသဘာဝအရင်းအမြစ်များကို ၎င်းတို့၏နောင်လာနောက်သားမျိုးဆက်များအတွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ဝိုင်းဝန်းလုပ်ဆောင်ရမည်။

နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး (သို့မဟုတ်) ဥပဒေနှင့် ဆက်စပ်ပြီး နယ်မြေဒေသအတွင်း ပြုလုပ်မည့် စီမံကိန်းဟူသမျှသည် စီမံကိန်းပြီးဆုံးသွားသော်ငြားလည်း ပြည်သူလူထု၏ ကိုယ့်အားကိုယ်ကိုးဆက်လက်ရပ်တည်နိုင်ရေးနှင့် လူမှုဘဝသာယာဖူလုံရေးတို့ကို အာမခံရမည်။ ထို့အပြင် တန်းတူညီမျှမှု၊ တရားမျှတမှု၊ စည်းလုံးညီညွတ်မှုနှင့် သဘာဝအရင်းအမြစ်နှင့် ဂေဟစနစ်တည်တံ့ရေးကို တန်ဖိုးထားခြင်း စသည်တို့အပေါ် အခြေခံရမည်။

### အပိုဒ် (၇၃)

ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် ဌာနေလူမျိုးစုတို့သည် ၎င်းတို့မျိုးဆက်အဆက်ဆက်နေထိုင်လာသည့် နယ်မြေဒေသများ၏ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ကို အုပ်ထိန်းသူများအဖြစ် အပြည့်အဝ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခွင့် ရှိသည်။

ဂေဟာစနစ်များနှင့်၎င်း၏လုပ်ဆောင်ချက်များကို ကာကွယ်ခြင်း၊ ဇီဝမျိုးကွဲများအား ထိန်းသိမ်းခြင်း၊ ဇီဝမျိုးကွဲများ၏ မျိုးရိုးဗီဇနှင့်အမျိုးအစားစုံလင်မှု မပျောက်ပျက်ရေး၊ ပြုန်းတီးသွားသောသဘာဝပတ်ဝန်းကျင်အား ပြန်လည်ပြုစုပျိုးထောင်ခြင်း စသည်တို့ကို လူမှုအသိုင်းအဝိုင်းများက လုပ်ဆောင်ရမည်ဖြစ်ပြီး ဤလုပ်ငန်းများကို အများပြည်သူတို့နှင့်သက်ဆိုင်သောအရေးကိစ္စများအဖြစ် သတ်မှတ်ရမည်။

**အပိုဒ် (၇၄)**

လူမှုအသိုင်းအဝိုင်းတစ်ခု (သို့မဟုတ်) မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူ တာဝန်ရှိပုဂ္ဂိုလ်များ၏ လုပ်ဆောင်မှုတစ်ရပ်ရပ်သည် သဘာဝပတ်ဝန်းကျင်အတွက် (သို့မဟုတ်) အခြားသောလူမှုအသိုင်းအဝိုင်းများ၏အကျိုးစီးပွားအပေါ် ကြီးမားသောထိခိုက်နစ်နာမှုများဖြစ်စေပါက ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏အုပ်ချုပ်ရေးကော်မတီသို့ တိုင်ကြားပြီး ကော်မတီမှ ဝင်ရောက်ညှိနှိုင်းဖြေရှင်းပေးရမည်။ နယ်မြေဒေသ၏ အုပ်ချုပ်ရေးကော်မတီမှ ကိုင်တွယ်ဖြေရှင်း၍မရနိုင်ပါက နယ်မြေဒေသ၏ တရားစီရင်ရေးကော်မတီ (သို့မဟုတ်) မြိတ်-ထားဝယ်ခရိုင်ကေအဲန်ယူတရားသူကြီးထံ ဆက်လက်တင်ပြ၍ ၎င်းတို့သည် အတူတကွဆွေးနွေးတိုင်ပင်ကာ ညှိနှိုင်းအဖြေရှာ ဖြေရှင်းရမည်။

**အပိုဒ် (၇၅)**

ဒေသခံလူမှုအသိုင်းအဝိုင်း၊ ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့် မြိတ်-ထားဝယ်ခရိုင်ကေအဲန်ယူအစိုးရအဖွဲ့၏သက်ဆိုင်ရာဌာနများတို့သည် မြေယာအသုံးပြုမှု၊ မြေအမျိုးအစား အဆင့်အတန်းများ ခွဲခြားသတ်မှတ်ခြင်း၊ အုပ်ချုပ်စီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းအုပ်ချုပ်ပုံ၊ ပုံစံများကို လုပ်ငန်းလမ်းညွှန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အတူတကွ ရေးဆွဲပြဌာန်းထားရမည်။

ဥပမာအားဖြင့်

- လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (သို့မဟုတ်) အသင်းအဖွဲ့တစ်ဖွဲ့၏ စိုက်ပျိုးမြေနေရာ
- လူမှုအသိုင်းအဝိုင်းနှင့် လူအများတောင်ယာခုတ်ရန် မြေနေရာ
- ကျေးရွာပိုင်ဘုံသစ်တော၊ အများပိုင်သစ်တောမြေနေရာ
- တောရိုင်းတိရိစ္ဆာန်ဘေးမဲ့သစ်တော
- မိရိုးဖလာအရနှင့် ကေအဲန်ယူပေါ်လစီအရ သတ်မှတ်ထားရှိပြီးသော မြေအမျိုးအစားအမျိုးမျိုးများ

မှတ်ချက်။ ။ အထက်ပါသတ်မှတ်ထားသော မြေအမျိုးအစားများသည် ဘိုးဘွားများသတ်မှတ်ထားခဲ့သော "ကော်" ဧရိယာထဲတွင်လည်း ကျရောက်နိုင်ပါသည်။

# အပိုင်း (၄.၂) စိုက်ပျိုးရေး

## အပိုဒ် (၇၆)

မြေယာနှင့် လူမှုအသိုင်းအဝိုင်း/ဌာနေလူမျိုးစုတို့၏ အကြားက ပတ်သက်ဆက်နွယ်မှုသည် လူမှုအသိုင်းအဝိုင်း/ဌာနေလူမျိုးစုတို့၏ ကိုယ်ပိုင်လက္ခဏာ၊ အမွေအနှစ်၊ ယဉ်ကျေးမှုနှင့် လူမှုစနစ်၊ စသည်များတို့၏ အခြေခံဖြစ်သည်။ မြေယာသည်စီးပွားရေးအရ ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိလူမှုအသိုင်းအဝိုင်းများအတွက် ဝင်ငွေရရှိစေသည့် အရေးကြီးသောအရာတစ်ခုတည်းသာမဟုတ်ပဲ အမှန်စင်စစ်မြေယာသည် ကရင်လူမျိုးတို့၏ ယုံကြည်ခြင်း၊ ရိုးရာယဉ်ကျေးမှုများနှင့် နက်ရှိုင်းစွာအနက်အဓိပ္ပါယ်ရှိသော ဘာသာရေးယုံကြည်ကိုးကွယ်မှုများ၊ တန်ဖိုးဖြတ်မရသောအရာများဖြင့် ပြည့်ဝလျက်ရှိသည်။ သို့ဖြစ်ပါ၍ ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ပြည်သူလူထုများတို့သည် မိမိတို့၏ ဥယျာဉ်နယ်မြေဧရိယာအတွင်းထွက်ရှိသော စားနပ်ရိက္ခာများအပေါ် အပြည့်အဝအုပ်ချုပ်စီမံခန့်ခွဲခံစားပိုင်ခွင့်ရှိသကဲ့သို့ ထိုအရာများကို ကာကွယ်ထိန်းသိမ်းခြင်း၊ ထုတ်ယူသုံးစွဲဖြန့်ဖြူးခြင်းစသည်များကို စည်းစနစ်ပုံစံတကျရှိရန် စီမံခန့်ခွဲရမည်။

## အပိုဒ် (၇၇)

လူမှုအသိုင်းအဝိုင်း၏အကျိုးစီးပွား (သို့မဟုတ်) ၎င်းတို့၏ အစားအစာရရှိခွင့်နှင့် အခြေခံလိုအပ်ချက်များရှိခွင့်တို့အပေါ် အဟန့်အတားအကန့်အသတ်ဖြစ်စေသော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး (သို့မဟုတ်) ဥပဒေဆိုင်ရာ အပြောင်းအလဲများကို လုံးဝလက်ခံခွင့်ပြု၍မရပါ။

ကောင်းမွန်သောစိုက်ပျိုးရေးလုပ်ထုံးလုပ်နည်းများနှင့် စိုက်ပျိုးရေးအတွင်း ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးကဲ့သို့သော ဓါတုပစ္စည်းများအသုံးပြုခြင်းနှင့်ပတ်သက်ပြီး စည်းကမ်းဥပဒေများကို လူမှုအသိုင်းအဝိုင်းတို့က အတူတကွတိကျစွာပြဋ္ဌာန်းထားရမည်။ ဓာတုနှင့်ကင်းစင်သော အစားအစာများနှင့် အာဟာရဓာတ်ပြည့်ဝသောအစားအစာများ စားသုံးနိုင်ရေးအတွက် လူမှုအသိုင်းအဝိုင်းတို့သည် မိရိုးဖလာနှင့် ရိုးရာဓလေ့အရ စိုက်ပျိုးလုပ်ကိုင်မှုစနစ်ကို ပြန်လည်ဖော်ထုတ်ခြင်း၊ မြှင့်တင်ခြင်းများကို တန်ဖိုးထား အသိအမှတ်ပြု ဖော်ဆောင်ရမည်။

## အပိုဒ် (၇၈)

မြေ၏ ကျန်းမာရေး၊ မြေဆီမြေနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ သီးထပ်သီးညှပ် စိုက်ပျိုးခြင်းစနစ်နှင့် အလှည့်ကျရွှေ့ပြောင်းသော တောင်ယာခုတ်ခြင်းစနစ်ကို ဒေသတွင်းတွင် တွန်းအားပေး၍ ကြိုးစားလုပ်ဆောင်ရမည်။

**အပိုဒ် (၇၉)**

ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် ဌာနေလူမျိုးစုတို့သည် စိုက်ပျိုးရေးနစ်၊ ရွှေ့ပြောင်းတောင်ယာနှင့်စိုက်ပျိုးမြေ၊ နှင့် ကျွဲနွားစားကျက်မြေများ၊ စသည်များနှင့်ပတ်သက်ပြီး ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းချက်များ၊ မူဝါဒများချမှတ်ခြင်းကို အတူတကွရေးဆွဲပြဌာန်းရမည်ဖြစ်ပြီး ဤနေရာများ၏အနီးဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများကိုကာကွယ်နိုင်ရန် လိုအပ်သောကြိုတင်ကာကွယ်မှုများကို အတူတကွရေးဆွဲသတ်မှတ်ရမည်။

**အပိုဒ် (၈၀)**

မြိတ်-ထားဝယ်ခရိုင်အတွင်း သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၊ မြေယာနှင့် သစ်တောသဘာဝအရင်းအမြစ်များ ပျက်သုန်းမှုကြောင့် ရာသီဥတုဖောက်ပြန်ရခြင်းနှင့်ပြောင်းလဲရခြင်းဆိုးကျိုးများကို ဖြေလျှော့ခြင်း၊ လျော့ပါးစေခြင်းအတွက် လူမှုအသိုင်းအဝိုင်းတို့သည် သစ်တောနှင့် သဘာဝအရင်းအမြစ်မျိုးစုံများတို့ကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ ပြုန်းတီးစေခြင်းများ၊ ဓာတုပစ္စည်းများနှင့် ပိုးသတ်ဆေးအမျိုးမျိုးကို သုံးစွဲခြင်းကြောင့် မြေဆီသြဇာပျက်သုန်းရခြင်း၊ ဇီဝမျိုးစိတ်များပျက်သုန်းရခြင်း၊ စသည်တို့ မရှိစေရန် တားမြစ်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်း၊ အသိပညာပေးခြင်းများ ပြုလုပ်ရမည်။ ရေရှည်တည်တံ့စေသော မြေယာစီမံခန့်ခွဲခြင်းစနစ်ကို ဖော်ဆောင်ရပါမည်။

**အပိုဒ် (၈၁)**

သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၊ သဘာဝအရင်းအမြစ်များပျက်သုန်းမှု၊ ပြုန်းတီးမှုများလျော့ပါးစေရေး၊ ကာကွယ်တားဆီးရေးတွင် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဒေသခံလူမှုအဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့် ပူးပေါင်းဆောင်ရွက်ရန် ရှိသကဲ့သို့ စိုက်ပျိုးရေးနည်းပညာများ မြှင့်တင်ခြင်း၊ ဥယျာဉ်ခြံ နှစ်ရှည်သီးနှံများကို သီးညှပ် (ကြားညှပ်) စိုက်ပျိုးခြင်းအလေ့အထများ ဖန်တီးပေးခြင်း၊ စိုက်ပျိုးရေးမြေနေရာများ သတ်မှတ်ပေးခြင်း၊ အတည်ပြုပေးခြင်း၊ ရေနှင့် ရေအရင်းအမြစ်များထွက်ရှိရာ ရေဦးရေဖျားများ၊ စိမ့်စမ်းရေထွက်ရှိရာနေရာများထိန်းသိမ်းကာကွယ်ခြင်းများကိုလည်း ဆောင်ရွက်ရမည်။

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ကော်မတီသည် စိုက်ပျိုးရေးမြေနေရာများ အတည်ပြုသတ်မှတ်ခြင်းများ မပြုလုပ်မီ သဘာဝပတ်ဝန်းကျင်ရှိ အရင်းအမြစ်များထိခိုက်ပျက်စီးမှုများ၊ ဆုံးရှုံးပျက်သုန်းမှုအခြေအနေ၊ အနေအထားများကို ဦးစွာကွင်းဆင်းလေ့လာသတ်မှတ်ခြင်း မှတ်တမ်းမှတ်ရာပြုလုပ်ခြင်းများ ဆောင်ရွက်ပြီးမှသာ အသက်သွင်းပြုစုပျိုးထောင်သင့်သည်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမြေနေရာများ သတ်မှတ်ခြင်းကိုဆက်လက်လုပ်ဆောင်ရပါ မည်။

## အပိုင်း (၄.၃) သစ်တောများ

### အပိုဒ် (၈၂)

သစ်တောများနှင့်၎င်း၏ဂေဟဗေဒစနစ်တို့သည် ပေါ်ခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ လူမှုအသိုင်းအဝိုင်းများ ရှင်သန်ရပ်တည်နိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းပြုရန် မရှိမဖြစ်လိုအပ်သော အခြေခံလိုအပ်ချက်များဖြစ်သည်။ သို့ဖြစ်ပါ၍ ဤနယ်မြေအတွင်းရှိ ပြည်သူလူထုအားလုံးသည် သစ်တောများရေရှည်တည်တံ့ရှင်နိုင်သော၊ သစ်တောများပြန်လည်ပေါက်ပွားများပြားလာနိုင်သော စသည့်နည်းစနစ်များဖြင့် သစ်တောကို စီမံခန့်ခွဲရမည်။လူမှုအသိုင်းအဝိုင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး တစ်ချိန်တည်းတွင် သစ်တောများ၏ဂေဟစနစ်ပုံမှန်လည်ပတ်မှုကိုလည်းကာကွယ်ပေးနိုင်သည့်အပြင် ပြန်လည်ပြုပြင်တည်ဆောက်ပေးနိုင်သည့် အစီအမံနှင့်လုပ်ဆောင်ချက်များကို ရည်ရွယ်လုပ်ဆောင်ရမည်။

### အပိုဒ် (၈၃)

သစ်တောများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပိုမိုကောင်းမွန်သော စီမံခန့်ခွဲခြင်းဆိုင်ရာ နည်းလမ်းများကို ဖော်ဆောင်နိုင်ရန် ဒေသခံပြည်သူလူထုများနှင့် လူမှုအသိုင်းအဝိုင်းတို့သည် အတူတကွပူးပေါင်းပါဝင်၍ သဘာဝသစ်တောများ ရေရှည်တည်တံ့စေရေးအတွက် သစ်တောနှင့် သစ်တောထွက်ပစ္စည်းများထုတ်ယူသုံးစွဲခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဌာန်းထားရမည်။

ပေါ်ခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရ၏ တာဝန်ရှိပုဂ္ဂိုလ်များသည် သစ်တောနှင့်သက်ဆိုင်၍ရေးဆွဲထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းဆိုင်ရာလမ်းညွှန်ချက်များကို အတူတကွစုစည်း၍ တူညီသည်များကို ပေါင်းစည်းခြင်း၊ မတူညီကွဲပြားသည်များကို ချိန်ညှိပေးခြင်းများ ပြုလုပ်ရမည်။ အထူးသဖြင့် သစ်သားမဟုတ်သော သစ်တောထွက်ပစ္စည်းများဖြစ်သည့် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ ပရဆေးပင်များ၊ ကြိမ်အမျိုးမျိုး၊ ဝါးအမျိုးမျိုး၊ ပျားရည်အမျိုးမျိုးနှင့် သစ်စေးအမျိုးမျိုး၊ ထို့အပြင် လောင်စာထင်းအတွက် (သို့မဟုတ်) နေအိမ်အဆောက်အဦးနှင့် ကျေးရွာအဆောက်အဦးများအတွက် လိုအပ်သောသစ်များ ထုတ်ယူသုံးစွဲခြင်း၊ စသည်တို့အတွက် ၎င်းတို့အားလုံးသဘောတူလက်ခံသော စည်းမျဉ်းစည်းကမ်းချက်များနှင့် ကန့်သတ်တားမြစ်ချက်များကို ဆိုလိုသည်။

### အပိုဒ် (၈၄)

ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းအရ အထွတ်အမြတ်ထားသည့် ကန့်သတ်သစ်တောနယ်မြေ (sacred forest) များကို လေးစားရမည်၊ တန်ဖိုးထားရမည်၊ မဖွယ်မရာမပြုသင့်ပါ။ ပေါ်ခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ လူမှုအသိုင်းအဝိုင်းအားလုံးသည် မိမိတို့၏ မျိုးရိုးအစဉ်အလာ၊ အယုံအကြည် (သို့မဟုတ်) ကိုးကွယ်မှုဘာသာများက မတူညီကွဲပြား

နေပါစေလင့်ကစား အဆိုပါနယ်မြေများကို အသိအမှတ်ပြုရမည်။ ရှိနှင့်ပြီးသော သစ်တောဆိုင်ရာ မိရိုးဖလာအလေ့အထများ၊ ပညတ်ထားသည့်အယူအဆများ၊ ဆောင်ရန်ရှောင်ရန်များကို လေးစားလိုက်နာရမည်။

သစ်တောကြိုးဝိုင်းနယ်နိမိတ်များ၊ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းအရ အထွတ်အမြတ်ထားသည့် ကန့်သတ်သစ်တောနယ်မြေ (sacred forest) များ၊ ကျေးရွာပိုင်သစ်တောနယ်နိမိတ်များကို သိရှိရမည်။ အသိအမှတ်ပြု တန်းဖိုးထားရမည်။

**အပိုဒ် (၈၅)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် ပြည်သူလူထုတို့၏ ကြိုတင်ခွင့်ပြုသဘောတူညီချက် တစ်စုံတစ်ရာမရှိဘဲ တရားမဝင်သစ်ခုတ်ယူခြင်း၊ ထုတ်ယူသုံးစွဲခြင်း၊ စီမံကိန်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မြေအောက်သယံဇာတများထုတ်ယူခြင်း၊ သစ်တောနှင့် သစ်တောထွက်ပစ္စည်းများ အလွန်အကျွံထုတ်ယူခြင်း အစရှိသော သဘာဝတရားပျက်စီးပြုန်းတီးအောင် ပြုမူခြင်းမှန်သမျှကို ပြုလုပ်နေသော လူမှုအသိုင်းအဝိုင်းနှင့် ပြင်ပလူအားလုံးသည် ထိုလုပ်ငန်းများကို ရပ်ဆိုင်းရမည်။

## အပိုင်း (၄.၄) တောရိုင်းတိရစ္ဆာန်များ

**အပိုဒ် (၈၆)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ဒေသခံပြည်သူလူထုနှင့် လူမှုအသိုင်းအဝိုင်းများသည် သားကောင်ထောင်ဖမ်းခြင်း၊ ကျေးငှက်ထောင်ဖမ်းခြင်းနှင့် အမဲလိုက်ခြင်းဆိုင်ရာ ကန့်သတ်တားမြစ်ချက်များ၊ ၎င်းတို့ သတ်မှတ်ထိန်းသိမ်းထားသည့် ကျေးငှက်နှင့် တောရိုင်းတိရစ္ဆာန်အသိုက်အမြုံဆောက်ရာ နေရာဒေသများ၊ အထွတ်အမြတ်ထားရာ နေရာများ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကာကွယ်ထားသည့် နေရာဒေသများ၊ အစရှိသော ကန့်သတ်တားမြစ်ချက်များသာမက တောရိုင်းတိရစ္ဆာန်နှင့် ပက်သက်ပြီး ၎င်းတို့ချမှတ်ကျင့်သုံးလာခဲ့သည့် အခြားကန့်သတ်တားမြစ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို စုစည်းပြီး ပိုမိုကောင်းမွန်အောင် ပြန်လည်ရေးဆွဲခြင်း သို့မဟုတ် စည်းမျဉ်းစည်းကမ်းအသစ်များကို ရေးဆွဲပြဌာန်းခြင်း စသည်တို့ကို အတူတကွဖော်ဆောင်ရမည်။

**အပိုဒ် (၈၇)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ပြည်သူလူထုများအားလုံးသည် မိမိတို့နယ်မြေအတွင်းရှိ တောရိုင်းတိရစ္ဆာန်များ၊ သားငါးများနှင့် ကျေးငှက်သာရကများကို ချစ်မြတ်နိုးတတ်ရန်၊ တန်ဖိုးထားတတ်ရန်၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသောစိတ်မွေးမြူရန် ကြိုးစားလုပ်ဆောင်ရမည်။

**အပိုဒ် (၈၈)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ပြည်သူလူထုများအားလုံးတို့သည် ဘိုးဘေးများချမှတ်ထားခဲ့သော ပညတ်ချက်များနှင့် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရမှ ချမှတ်ထုတ်ပြန်ထားသောဥပဒေများဖြစ်သည့် တောရိုင်းတိရစ္ဆာန်များ၊ သားငါးများ၊ ကျေးငှက်သာရကာများဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေများကို တိကျစွာလိုက်နာရမည်။ ဤနယ်မြေထဲရှိ လူမှုအသိုင်းအဝိုင်းအားလုံးသည် ဥပဒေနှင့်ဆန့်ကျင်သော တောရိုင်းတိရစ္ဆာန်များ၊ ယင်းတို့၏ အသားများ၊ အရိုးများ၊ အစွယ်များ၊ ဦးချိုများအား ကူးသန်းရောင်းဝယ်ခြင်းတွင် ပါဝင်ပက်သက်ခြင်း မရှိစေရ။ ထိုအထဲတွင် အထူးသဖြင့် ရှားပါးသော မျိုးစိတ်များ၊ ပျက်သုန်းလုနီးပါးရှိပြီဖြစ်သော ကန့်သတ်တားမြစ်ထားသောတိရစ္ဆာန်များဖြစ်သည့် မျောက်လွဲကျော်၊ ကျား၊ အောက်ချင်းငှက်၊ အောင်လံငှက်အပါအဝင် အခြားသောမျိုးစိတ်များ၊ ပျောက်ကွယ်လုနီးပါးရှိပြီဖြစ်သော အကောင်အမျိုးမျိုးနှင့် ရှားပါးသစ်ခွများ၊ ပရဆေးပင်များ အပါအဝင်ဖြစ်သည်။

**အပိုဒ် (၈၉)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ လူထုနှင့် လူမှုအသိုင်းအဝိုင်းတို့သည် တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့ မှီခိုကျက်စားလျက်ရှိသော နေရာများ၊ ဘေးမဲ့တောများနှင့် သားကောင်များအမြဲတမ်းသွားလာသောလမ်းကြောင်းများအပါအဝင် ယင်းတို့အား ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေးနှင့် ပက်သတ်သော စီမံခန့်ခွဲမှုနည်းလမ်းများ၊ ကန့်သတ်တားမြစ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို မူလပြဌာန်းထားသည်ထက် ပိုမိုထိရောက်သော နည်းလမ်းများနှင့်စနစ်များကို အတူတကွဖော်ဆောင်ရမည်။ သို့မှသာ အမဲလိုက်ခြင်း၊ သားကောင်များထောင်ဖမ်းခြင်း၊ သစ်တောမြေအတွင်း နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်ရှာဖွေလုပ်ကိုင်စားသောက်ခြင်း၊ တောင်ယာခုတ်စိုက်ပျိုးခြင်း၊ အစရှိသောအန္တရာယ်အမျိုးမျိုးမှ လွတ်ကင်းနိုင်မည်ဖြစ်သည်။

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရ၏ သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများတို့သည် ထိန်းသိမ်းကာကွယ်ထားသောနယ်မြေများနှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့သစ်တောများကို စီမံခန့်ခွဲရာတွင် အများပြည်သူများ၏အသက်မွေးဝမ်းကျောင်းအပေါ် ထိခိုက်နစ်နာမှုမရှိအောင် ဆောင်ရွက်ရမည်။

တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သော ဥပဒေကိုချိုးဖောက်ပြီး အမဲလိုက်ခြင်း၊ သားကောင်များထောင်ဖမ်းခြင်း၊ ရှားပါးသောသားကောင်များကို သတ်ဖြတ်ကုန်သွယ်ခြင်း၊ စသောဥပဒေမဲ့ကျူးလွန်ချိုးဖောက်လာသည်များကို ဒေသခံလူမှုအသိုင်းအဝိုင်း၊ မြိတ်-ထားဝယ်ခရိုင်ကေအဲန်ယူအစိုးရ၏ သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများ နှင့် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီတို့မှ အမှုအခင်းကို ရေးဆွဲပြဌာန်းထားသောဥပဒေ၊ ပုဒ်မများနှင့်အညီ အရေးယူဆောင်ရွက်ရမည်။ ထိုအရေးယူဆောင်ရွက်မှုသည် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လျော်ညီရမည်။

### အပိုဒ် (၉၀)

တောရိုင်းတိရစ္ဆာန်များအနက် သားရဲတိရစ္ဆာန်များ၏ ဆိုးသွမ်းရမ်းကားမှုနှင့်ရန်လိုမှုကြောင့် ဒေသခံလူမှုအသိုင်းအဝိုင်းများ၏ အကျိုးစီးပွားနှင့် အသက်မွေးဝမ်းကျောင်းကို ထိပါးစေပါက ဒေသတွင်း လူမှုအသိုင်းအဝိုင်းတို့သည် ပေါခလိုးဌာနေတိုင်းရင်းသားတို့ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေ၏အုပ်ချုပ်ရေးကော်မတီနှင့် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရတာဝန်ရှိသူများ၊ စသည်တို့နှင့်တွေ့ဆုံဆွေးနွေးကာ အကောင်းဆုံးအဖြေကိုပေးနိုင်သည့်နည်းလမ်းများဖြင့် အတူတကွ ဖြေရှင်းဆောင်ရွက်ပေးရမည်။

## အပိုင်း (၄.၅) ရေနှင့် ရေအရင်းအမြစ်များ

### အပိုဒ် (၉၁)

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းတွင်ရှိ ပေါခလိုးချောင်း (ဘန်းချောင်း) သည် ဒေသခံလူမှုအသိုင်းအဝိုင်းတို့၏ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာအယူအဆ (သဘာဝပတ်ဝန်းကျင်နှင့်ဆက်နွယ်သည့် မိရိုးဖလာအယုံအကြည်၊ အယူအဆ၊ ဓလေ့၊ ပတ်သက်ဆက်နွယ်မှု) နှင့် ၎င်းတို့၏ယဉ်ကျေးမှု၊ စသည်တို့နှင့် နက်ရှိုင်းသော ပတ်သက်ဆက်နွယ်မှုရှိသည်။ ထို့အပြင် ဤနယ်မြေနှင့်ဤနယ်မြေပြင်ပရှိ ပြည်သူလူထုအားလုံး၏ ရှင်သန်ရေးအတွက် ဤချောင်းများသည် မရှိမဖြစ်သော အရာဖြစ်သည်။ သို့ဖြစ်၍ လူမှုအသိုင်းအဝိုင်းအားလုံးသည် ထိုကဲ့သို့အရေးပါသော မြစ်ချောင်းများ သဘာဝအတိုင်းလုပစွာစီးဆင်းနိုင်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်။ ဤမြစ်ချောင်းများ၏ ကြည်လင်သန့်ရှင်းမှု၊ မြစ်ချောင်းများ၏ (သို့မဟုတ်) မြစ်ချောင်းများ၏ဂေဟစနစ်အပေါ် နှောင့်ယှက်ဖျက်ဆီးစေမည့် မည်သည့်ဖွံ့ဖြိုးရေးစီမံကိန်းကိုမဆို ဆန့်ကျင်ကန့်ကွက်ရမည်။

### အပိုဒ် (၉၂)

မြစ်ချောင်းများသည် သစ်တောများနှင့်တောရိုင်းတိရစ္ဆာန်များ၏ရှင်သန်ရေး၊ နှင့် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းနှင့်ပြင်ပရှိ လူမှုအသိုင်းအဝိုင်းအားလုံး၏ အသက်မွေးဝမ်းကျောင်းနှင့်ဘဝရှင်သန်ရေး၊ စသည်တို့အတွက် မရှိမဖြစ်လိုအပ်သော အဓိကသော့ချက်ဖြစ်သည်။ ထို့ကြောင့် ဒေသခံပြည်သူလူထုအားလုံးသည် ရေနှင့်ရေအရင်းအမြစ်ရယူသုံးစွဲခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အတူတကွရေးဆွဲပြဋ္ဌာန်းရမည်ဖြစ်ပြီး အဆိုပါစည်းမျဉ်းစည်းကမ်းများကို လိုအပ်သလို အဆင့်မြှင့်တင်သွားရမည်။

**အပိုဒ် (၉၃)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရတို့သည် ရေအရင်းအမြစ်များနှင့် ရေဝေကုန်းတန်း (မြစ်ဖျား ချောင်းဖျား) များအား ရေရှည်ရှင်သန် စီးဆင်းနိုင်အောင် စီမံခန့်ခွဲခြင်းဖြင့် ဒေသခံပြည်သူလူထု များ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးစဉ်တွင် မြစ်ချောင်းများ၏ဂေဟစနစ်လည်ပတ် မှုအပေါ် ထိခိုက်နှောင့်ယှက်ခြင်းမရှိရလေအောင် အတူတကွဆောင်ရွက်ရမည်။

**အပိုဒ် (၉၄)**

မြစ်ချောင်းများတွင်ရှိသင့်သည် အဓိကအင်္ဂါရပ်၊ လုပ်ဆောင်မှုနှင့်လည်ပတ်မှုများသည် သဘာဝအတိုင်းမပျက်မစီးတည်ရှိနိုင်အောင် ပေါခလိုးဌာနေတိုင်းရင်းသားတို့ ထိန်းသိမ်းစောင့်ရှောက် သည့်နယ်မြေအတွင်းရှိ ပြည်သူလူထုများအားလုံးသည် သားငါးရှာဖွေဖမ်းဆီးစားသောက်ခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။ ဥပမာအားဖြင့် သား၊ငါးအလွန်အကျွံရှာဖွေ ဖမ်းဆီးစားသောက်ခြင်းနှင့် ငါးထိန်းသိမ်းရေးအင်းအိုင်များတွင်ငါးဖမ်းဆီးခြင်းများကို ထိန်းကွပ် သော စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ ငါးဖမ်းခြင်းနှင့် ငါးအလွန်အကျွံရှာဖွေဖမ်းဆီးခြင်းများ သည် မြစ်ချောင်းများ၏အရည်အသွေးနှင့်ကျန်းမာရေးညံ့ဖျင်းလာမှုအား အဓိကဖြစ်စေသောအရာ များဖြစ်သည့်အတွက် လူထုအားလုံးသည် သဘာဝအားထိခိုက်ပျက်စီးဆုံးရှုံးစေပြီး ပျက်စီးမှုကို ဖြစ်ပေါ်စေသည့် ငါးဖမ်းနည်းများဖြစ်သော အဆိပ်အတောက်၊ ပိုးသတ်ဆေးများဖြင့် ဖမ်းဆီးခြင်း၊ ကျင်စက်ထိုးခြင်း၊ မိုင်းခွဲခြင်း အစရှိသော လုပ်ရပ်များကို ရှောင်ရှားရမည်၊ ရပ်ဆိုင်းရမည်။

**အပိုဒ် (၉၅)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေအတွင်းရှိ ပြည်သူလူထုများ တို့ သည် သက်ရှိဇီဝများရှင်သန်နိုင်ရေးနှင့် ဂေဟစနစ်လည်ပတ်နိုင်ရန် ရေနှင့် ရေအရင်းအမြစ်ကို တန်ဖိုးထားတတ်ရမည်၊ ကာကွယ်ထိန်းသိမ်းကြရမည်။ မြစ်ချောင်းများ သဘာဝအတိုင်းကောင်းမွန် စွာ လွတ်လပ်စွာ စီးဆင်းနိုင်ရန် အတားအဆီး အဟန့်အတားဖြစ်စေသောအရာများကို မပြုလုပ်ရပါ။ မြစ်ချောင်းများကိုအကြောင်းပြပြီး တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်ရေကာတာများ၊ ဆည်မြောင်းတာတမံတည်ဆောက်ခြင်းများ၊ အစရှိသော စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်ရှိပါက ဦးစွာကွင်းဆင်းစစ်ဆေးခြင်းများ၊ စစ်တမ်းကောက်ယူခြင်းများ၊ ထိခိုက်နစ်နာဆုံးရှုံးစေသော အရာ များကိုပြုစုမှတ်တမ်းတင်ခြင်း၊ ဒေသခံလူမှုအသိုင်းအဝိုင်းများအား လွတ်လပ်စွာ ကြိုတင်အသိပေး သဘောထားရယူခြင်း (FPIC) မူကို ကိုင်ဆွဲလုပ်ဆောင်ရပါမည်။

## အပိုင်း (၄.၆) စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တည်ဆောက်ရေးအခြေခံ

### အပိုဒ် (၉၆)

စီးပွားရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံးတို့သည် ၎င်းတို့၏လုပ်ငန်းများကို လုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်အား ရေရှည်တည်တံ့ရှင်သန်စေသောနည်းလမ်းဖြင့် ဦးစားပေးလုပ်ဆောင်ရမည်။ ဒေသခံလူမှုအသိုင်းအဝိုင်းတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ရှင်သန်နေထိုင်မှုစနစ်များအား လေးစားရမည်၊ တန်ဘိုးထားရမည်၊ မြှင့်တင်ပေးရမည်။ ထိခိုက်နစ်နာဆုံးရှုံးသွားသော မြေနေရာ၊ နေအိမ်အဆောက်အဦး၊ ကျန်းမာရေး၊ ပညာရေး၊ စားနပ်ရိက္ခာအစရှိသော မြင်နိုင်သော ရုပ်ပိုင်းဆိုင်ရာများနှင့် မမြင်နိုင်သော စိတ်ပိုင်းဆိုင်ရာ ပြန်လည်အစားထိုးဖြည့်ဆည်းမှုများကို ဆောင်ရွက်ပေးရမည်။

ဥယျာဉ်အတွင်း အကောင်ထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများသည် တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် စည်းလုံးညီညွတ်မှုမပြိုကွဲရေး စသောစံနှုန်းများအပေါ်အခြေခံရမည်ဖြစ်ပြီး သဘာဝအရင်းအမြစ်များကို အကျိုးအကြောင်းသင့်လျော်စွာနှင့် လေးစားမှုရှိစွာဖြင့် ချင့်ချိန်ထုတ်ယူသုံးစွဲရမည်။

### အပိုဒ် (၉၇)

ဖွံ့ဖြိုးရေးစီမံကိန်းနှင့် စီးပွားရေးကောင်အထည်ဖော်ခြင်းလုပ်ငန်းများသည် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ပြည်သူလူထုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည့်အပြင် ဒေသခံပြည်သူလူထုများ၏အခွင့်အရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်များအပေါ် ထိခိုက်နှောင့်ယှက်ခြင်း မရှိရ။ အခြေခံလမ်းပန်းဆက်သွယ်ရေးနှင့် မြေမျက်နှာသွင်ပြင်ကိုပြောင်းလဲစေသည့် စီမံကိန်းများဖြစ်သော လမ်းဖောက်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေးအစီအစဉ်များ၊ ကျန်းမာရေးအခြေခံအဆောက်အဦးများ၊ သုသာန်များ၊ စသည်တို့အား အကောင်အထည်ဖေါ်ရာတွင် သဘာဝပတ်ဝန်းကျင်တည်တံ့မှုနှင့်သဟဇာတရှိအောင် ဆောင်ရွက်ရမည်၊ ပေါခလိုးဌာနေတိုင်းရင်းသားတို့ ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေအတွင်းရှိ ပြည်သူလူထုများ၏ ရှင်သန်နေထိုင်မှုစနစ်၊ မိမိကိုယ်ကို အားကိုးရပ်တည်နိုင်မှု၊ နှင့် ပစ္စည်းဥစ္စာဖူလုံမှု စသည်တို့အပေါ် အထောက်အကူဖြစ်စေရပါမည်။

### အပိုဒ် (၉၈)

ဒေသခံလူမှုအသိုင်းအဝိုင်း၊ ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရတို့သည် ဒေသရှိစီးပွားဖြစ်စီမံကိန်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပက်သက်သော သဘောတူစာချုပ်များ၊ ကူသန်းရောင်းဝယ်ရေးဆိုင်ရာများ၊ တည်ဆောက်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ဆိုင်သော အခြေခံကျသော အရာများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း များနှင့် ပက်သက်သော စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲပြဌာန်းရပါမည်။

**အပိုဒ် (၉၉)**

ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခြင်းမပြုမှီ၊ လုပ်ငန်း ဖော်ဆောင်မည့် ကုမ္ပဏီများဖြစ်စေ၊ လူပုဂ္ဂိုလ်ပုဂ္ဂလိကများဖြစ်စေ၊ အသင်းအဖွဲ့ဖြစ်စေ၊ မိမိတို့ လုပ်ကိုင်ဆောင်ရွက်မည့်လုပ်ငန်းနှင့် အကြောင်းအရာများကို မြိတ်-ထားဝယ်ခရိုင်ကေအဲန်ယူအစိုးရ နှင့်သော်လည်းကောင်း၊ ဤနယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့်သော်လည်းကောင်း၊ ဒေသခံလူမှု အသိုင်းအဝိုင်းများနှင့်သော်လည်းကောင်း၊ ကြိုတင်၍လာရောက်တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ရ မည်။ ထို့အပြင် စီမံကိန်းလုပ်ငန်း၏အကျိုးသက်ရောက်မှုကို ကြုံတွေ့ရမည့် ပြည်သူများနှင့် တွေ့ဆုံ ဆွေးနွေးညှိနှိုင်းရန်နှင့် ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကွင်းဆင်းစီစစ်ကြည့်ရှု၍ မှတ်တမ်းယူနိုင်ရန် လုံလောက်သောအချိန်ကာလကို ပေးထားရပါမည်။ နောက်ဆုံးတွင် ဒေသခံလူမှုအသိုင်းအဝိုင်း၏ သဘောတူခွင့်ပြုချက်ကို ရယူရပါမည်။

မည်သည့်စီးပွားဖြစ်စီမံကိန်းလုပ်ငန်းမျိုးကိုမဆို ဒေသခံလူမှုအသိုင်းအဝိုင်းတို့၏ အားပေး ထောက်ခံမှုနှင့် ခွင့်ပြုမှုတစ်စုံတစ်ရာမရှိပါက ထိုလုပ်ငန်းများ စီမံကိန်းများကို ရပ်စဲရပါမည်။ အသိ အမှတ်ပြု၍မရပါ။

**အပိုဒ် (၁၀၀)**

မိမိတစ်ဦးတစ်ယောက်ပိုင် (သို့မဟုတ်) အများပြည်သူပိုင်မဟုတ်သောနယ်မြေဒေသများ တွင် ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပြန်လည်ဖြည့်တင်း၍မရနိုင်သောအရင်းအမြစ်ထုတ်ယူခြင်းလုပ်ငန်းများ ကို လုပ်ဆောင်သော် ၎င်းလုပ်ငန်းများမှရရှိသည့် ငွေကြေးအမြတ်အစွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဒေသခံလူမှုအသိုင်းအဝိုင်း၊ ဤနယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့် မြိတ်-ထားဝယ်ခရိုင် ကေအဲ န်ယူအစိုးရ တာဝန်ရှိပုဂ္ဂိုလ်များထံသို့ အသိပေးရမည်။ ပြည်သူလူထုများသည် အဆိုပါ စီးပွားဖြစ် စီမံကိန်းလုပ်ငန်းများမှရရှိသည့် အကျိုးအမြတ်တစ်စိတ်တစ်ဒေသကို စုပေါင်းရရှိခွင့်ရှိသကဲ့သို့ သဘောမတူခွင့်မပြုနိုင်ပါက ပိတ်ပင်တားမြစ်ပိုင်ခွင့်လည်းရှိသည်။

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ မြေယာနှင့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များအား ဌာနေလူမျိုးစုနှင့် ဒေသခံလူမှုအသိုင်းအဝန်းတို့က ၎င်း တို့၏အခွင့်အရေးအရ ပိုင်ဆိုင်ခွင့်၊ နေထိုင်ခွင့်၊ လုပ်ကိုင်စားသောက်ခွင့်နှင့် စီမံအုပ်ချုပ်ခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသည်။ သို့ဖြစ်ပါ၍ စီပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ ထုတ်ယူသုံးစွဲသော ဒေသ ထွက်ပစ္စည်း၏ တန်ဖိုးနှင့် အကျိုးအမြတ်ပမာဏသည် ဒေသခံလူမှုအသိုင်းအဝိုင်းများ ထိခိုက်နစ်နာ ဆုံးရှုံးသွားသောအရာများ၏ တန်ဖိုးပမာဏထက် မများစေရပါ။ (ဥပမာအားဖြင့် ဒေသခံများ၏ နစ်နာပျက်စီးဆုံးရှုံးရမှုများ၏တန်ဖိုးသည် ဒေါ်လာသန်းတစ်ရာတန်ကြေးရှိပါက စီးပွားရေးလုပ်ငန်း ရှင်များ ထုတ်ယူသော တန်ကြေးသည် ဒေါ်လာသန်းတစ်ရာထက် မကျော်လွန်ရ။)

**အပိုဒ် (၁၀၁)**

ပေါ်ခလိုးဌာနေတိုလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီသည် ဦးဆောင်ဦးရွက်ပြုပြီး အောက်ခြေတွင်ထိခိုက်နစ်နာမှုအခြေအနေနှင့် အနေအထားများကို စီစစ်တည်းဖြတ်ခြင်း၊ မှတ်တမ်းမှတ်ရာများ ပြုစုခြင်းအတွက် ကွင်းဆင်းဆောင်ရွက်ရမည်။ ရရှိလာသောအထောက်အပံ့နှင့် ရံပုံငွေများကို သက်ဆိုင်ရာလူမှုအသိုင်းအဝိုင်းများဆီသို့ တရားမျှတစွာနှင့် တန်းတူညီမျှစွာ ခွဲဝေပေးရမည်။

အငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းများနှင့် လူမှုအသိုင်းအဝိုင်းများအကြား အကျိုးအမြတ်မည်သို့မည်ပုံခွဲဝေရမည်နှင့်ပတ်သက်သည့်သဘောတူညီချက်များကို ဒေသခံလူမှုအသိုင်းအဝိုင်းတို့ကအတူတကွရေးဆွဲချမှတ်ရမည်။ ဤသို့ဖြင့် သဘာဝအရင်းအမြစ်ထူးဖော်ထုတ်ယူခြင်းလုပ်ငန်းနှင့်ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများမှ ထွက်ပေါ်လာမည့် မတရားမှု၊ ထိခိုက်မှု၊ (သို့မဟုတ်) ခွဲခြားဆက်ဆံမှုများကို ဟန့်တား တားဆီးနိုင်အောင် လုပ်ဆောင်ရမည်။

**အပိုဒ် (၁၀၂)**

ပေါ်ခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းတွင် သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုကို ကာကွယ်ရန်နှင့် ရာသီဉတုဖောက်ပြန်ခြင်း၏ သက်ရောက်မှုများကို ခုခံလျှော့ချနိုင်ရန် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရနှင့် ဒေသခံလူမှုအသိုင်းအဝိုင်းတို့သည် သန့်ရှင်းပြီး လေထုညစ်ညမ်းမှုမရှိသော စွမ်းအင်အရင်းအမြစ်များကို ဦးစားပေးအသုံးပြုခြင်းမှတစ်ဆင့် ဖန်လုံအိမ်ဓာတ်ငွေ့ (Greenhouse Gas) ထုတ်လွှတ်မှုကို နည်းနိုင်သမျှနည်းအောင် ပူးပေါင်းလုပ်ဆောင်ရမည်။

အလားတူ ဤနယ်မြေဒေသတွင်းရှိ ဌာနေလူမျိုးစုနှင့် ဒေသခံလူမှုအသိုင်းအဝိုင်းတို့သည် ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်နှင့် သဘောထားမှတ်ချက်များပေးပိုင်ခွင့် ရှိသည်။ ထို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်း (Renewable EnergyTransition) များနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းတို့မှ လူထု၏ကျန်းမာအရေးအပေါ် အန္တရာယ်ပေးနိုင်သည့်အခြေအနေများကိုဖြစ်ပေါ်စေပါက (သို့မဟုတ်) သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများအား ဖြစ်ပေါ်စေပါက မြိတ်-ထားဝယ်ခရိုင်ကေအဲန်ယူအစိုးရ၏တာဝန်ရှိသူများမှ ဌာနေလူမျိုးစုနှင့် ဒေသခံလူမှုအသိုင်းအဝိုင်းတို့အား အသိပေးရမည်။

# အခန်း (၅) ။ မြေယာနှင့် ယဉ်ကျေးမှု အမွေအနှစ်

## အပိုင်း (၅.၁) မြေယာစီမံခန့်ခွဲခြင်းဆိုင်ရာ အခြေခံမူများ

**အပိုဒ် (၁၀၃)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ မြေယာစီမံခန့်ခွဲခွင့်နှင့်ပိုင်ဆိုင်ခွင့်တို့အတွက် လိုအပ်သည့် ဥပဒေ၊ မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲချမှတ်ရာတွင် အထောက်အကူပြုရန်ရည်ရွယ်၍ အောက်ပါအခြေခံမူဘောင်များကို ရေးဆွဲချမှတ်သည်။ လူမှုအသိုင်းအဝိုင်း၏ ရှိနှင့်ထားသောမြေယာစီမံခန့်ခွဲမှုစနစ်များ (သို့မဟုတ်) လူတစ်ဦးတစ်ယောက်၏အခွင့်အရေးများအပေါ် ထိခိုက်မှုမရှိစေသောနည်းဖြင့် လူမှုအသိုင်းအဝိုင်းတို့၏ မျှော်လင့်တောင့်တချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းနိုင်ရန်ရည်ရွယ်ချက်ဖြင့် အောက်ပါမူဘောင်များကို ချမှတ်သည်။

**အပိုဒ် (၁၀၄)**

မြေယာသည် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ လူမှုအသိုင်းအဝိုင်းနှင့် ဒေသခံလူထုတို့၏ အသက်ရှင်သန်ရပ်တည်နိုင်မှု၊ လူမျိုးလက္ခဏာ၊ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုများ၏အခြေခံအုတ်မြစ်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဤနယ်မြေဒေသနှင့်ပက်သက်၍ စည်းမျဉ်းဥပဒေများနှင့်မူဝါဒများ ရေးဆွဲပြဌာန်းသည့်လုပ်ငန်းစဉ်တစ်လျှောက်တွင် ၎င်းတို့သည် ဤလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး သတင်းအချက်အလက် ရရှိပိုင်ခွင့်ရှိသည်၊ ပါဝင်ဆွေးနွေးခွင့်ရှိသည်၊ ဆုံးဖြတ်ချက်ချမှုအဆင့်တွင် ပါဝင်ဆုံးဖြတ်ခွင့်ရှိသည်။ ထို့အပြင် ၎င်းတို့၏ ရှင်သန်နေထိုင်မှုစနစ်အပေါ် ထိခိုက်စေသော (သို့မဟုတ်) ပြောင်းလဲစေနိုင်သော မည်သည့်လုပ်ငန်းအကောင်အထည်ဖေါ်မှုများကိုမဆို ၎င်းတို့ ကန့်ကွက်ပိုင်ခွင့်ရှိသည်။

**အပိုဒ် (၁၀၅)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ လူမှုအသိုင်းအဝိုင်းနှင့် ဌာနေလူမျိုးစုတို့သည် ရှေးကာလကြာမြင့်စွာကတည်းက မျိုးရိုးစဉ်ဆက်အရ နေထိုင်လာခဲ့ကြသည့် အားလျော်စွာ မိမိတို့နေထိုင်လာခဲ့သည် မြေယာများကို အလိုအလျောက်ရိုးရာအရ စီမံခန့်ခွဲပိုင်ခွင့်၊ ပိုင်ဆိုင်ပိုင်ခွင့်ရှိသည်။ သို့ဖြစ်ပါ၍ ၎င်းတို့အား ရွှေ့ပြောင်းစေခြင်း၊ မောင်းထုတ်နှင်ထုတ်ခြင်း၊ မိဘဘိုးဘွား၏ မြေနေရာမှ ကွဲကွာစေရန် ပြုလုပ်၍မရပါ။

မြိတ်-ထားဝယ်ခရိုင် ကေအဲန်အစိုးရ၏ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီတို့သည် အောက်တွင်ဖော်ပြပါရှိသော အခွင့်အာဏာများကို အသိအမှတ်ပြုပေးရပါမည်။ ၎င်းတို့မှာ မြေယာစီမံခန့်ခွဲပိုင်ခွင့်ရှိခြင်း၊ မြေယာများတိုင်းတာခြင်း၊ မှတ်သားခြင်း၊ နယ်နိမိတ်သတ်မှတ်ခြင်း၊ မြေယာရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း၊ အမွေပေးခြင်း၊ အသုံးချခြင်း စသည်တို့တွင် လုပ်ပိုင်ခွင့်ရှိရမည်။

## အပိုဒ် (၁၀၆)

မြေယာနှင့် နယ်မြေဒေသများ၏နယ်နိမိတ်များ သတ်မှတ်တိုင်းတာခြင်းကို လူမှုအသိုင်းအဝိုင်း၊ ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့် မြိတ်-ထားဝယ် ခရိုင် ကေအဲန်ယူအစိုးရက အခွင့်အာဏာပေးထားသော တာဝန်ရှိသူတို့က အတူတကွ ပူးပေါင်းဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် အများပြည်သူနားလည်ရန်လွယ်ကူပြီး လူအများအတွက် အခွင့်အလမ်းပွင့်သော၊ သာတူညီမျှမှုရှိသော လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ရပါမည်။

## အပိုဒ် (၁၀၇)

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ လူမှုအသိုင်းအဝိုင်းတို့၏ ကိုယ်ပိုင် မိရိုးဖလာ မြေယာသုံးစွဲ၊ ပိုင်ဆိုင်၊ စီမံခန့်ခွဲမှုစနစ်နှင့် ဓလေ့ထုံးတမ်းအရဆင်းသက်လာသည့် မြေယာအခွင့်အရေးများကို ဤနယ်မြေအတွင်းနေထိုင်သောသူအားလုံးက တန်ဖိုးထားလေးစားရမည်၊ ဆန့်ကျင်ချိုးဖေါက်ခြင်းမပြုရ။

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်း ဌာနေလူမျိုးစုတို့၏ ကျေးရွာနယ်မြေနှင့်စီမံခန့်ခွဲမှုအောက်၌ကျရောက်သော မြေယာများသည် အဆိုပါကျေးရွာ၊ ထိုကျေးရွာရှိ လူမှုအသိုင်းအဝိုင်းတို့နှင့် သက်ဆိုင်သည်။ ထိုမြေယာများကို ဌာနေကရင်လူမျိုးစုတို့၏ မိရိုးဖလာဓလေ့ထုံးတမ်းဥပဒေများနှင့်အညီ သက်ဆိုင်ရာကျေးရွာ၏လူမှုအသိုင်းအဝိုင်းတို့က စီမံခန့်ခွဲရန်နှင့် လိုအပ်သောစည်းမျဉ်းစည်းကမ်းကို ရေးဆွဲချမှတ်ရန် တာဝန်ရှိသည်။

## အပိုဒ် (၁၀၈)

သုသာန်မြေ၊ ဂူသချိုင်းမြေ၊ တောတောင်ရေမြေစောင့်နတ်များနေထိုင်ရာနယ်မြေများအပါအဝင် ရိုးရာယုံကြည်မှုအရ အထွတ်အမြတ်ထားသော၊ ကန့်သတ်ထားသော၊ နယ်မြေဒေသများနှင့် ဘိုးဘွားတို့၏ နယ်မြေများကို မဖွယ်မရာမပြုလုပ်ရ၊ ကျူးလွန်ဖျက်ဆီးခြင်းမပြုရ။ သို့ဖြစ်ပါ၍ ဤကဲ့သို့သောနယ်မြေဒေသများကို ရှာဖွေဖေါ်ထုတ်ပြီး ဌာနေကရင်လူမျိုးစုနှင့်ဒေသခံလူမှုအသိုင်းအဝိုင်းတို့၏ယဉ်ကျေးမှုအားလေးစားသော သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ရေးဆွဲချမှတ်ခြင်းဖြင့် ဤနယ်မြေများနှင့်သက်ဆိုင်သည့် ဌာနေလူမျိုးစုတို့၏ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်အရည်အသွေးများကို ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးသည်။

## အပိုဒ် (၁၀၉)

ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးလုပ်ကိုင်သောမြေနေရာသည် သက်ဆိုင်ရာကျေးရွာ၏ရွာသူရွာသားအားလုံးနှင့် သက်ဆိုင်သည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်၊ အိမ်ထောင်စုတစ်စု (သို့မဟုတ်) လူမှုအသိုင်းအဝိုင်းတစ်ခုအတွက် တရားဝင်တောင်ယာလုပ်ကိုင်စားသောက်နိုင်သည့်နေရာနှင့် အချိန်ကာလကန့်သတ်ချက်များကို ချမှတ်ပေးနိုင်ရန် ကျေးရွာတိုင်း (သို့မဟုတ်) လူမှုအသိုင်းအဝိုင်းအားလုံးသည် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အတူတကွ ဆုံးဖြတ်ချမှတ်ရမည်။

**အပိုဒ် (၁၁၀)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေကို ကိုယ်စားပြုမှုမရှိသော ပြင်ပကဝင်လာသည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ ကုမ္ပဏီအများ စုစည်းဖွဲ့စည်းလုပ်ကိုင်သော (ကော်ပိုရေးရှင်း) အဖွဲ့အစည်းများဖြစ်စေ၊ တရားမဝင်သော အစိုးရ၏တာဝန်ရှိပုဂ္ဂိုလ်များဖြစ်စေ၊ ဤနယ်မြေအတွင်းရှိ မြေယာများကို ဝင်ရောက်ရယူလုပ်ကိုင်ခြင်း၊ ထိန်းချုပ်ခြင်း၊ နှင့် ပိုင်ဆိုင်ခြင်း လုံးဝအခွင့်မရှိပါ။

**အပိုဒ် (၁၁၁)**

မြိတ်-ထားဝယ်ခရိုင်ကေအဲန်ယူအစိုးရ၏ အုပ်ချုပ်မှုအောက်ရှိ မြေယာမှန်သမျှကို ပြင်ပလူများသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အစားထိုးလဲလှယ်ခြင်းများ ပြုလုပ်မည်ဆိုလျှင် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အစားထိုးလဲလှယ်ခြင်း ကိစ္စရပ်များဆောင်ရွက်ခြင်းမပြုမှီ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များထံ အမြန်ဆုံးအသိပေးတိုင်ကြားရမည်။

မြေယာနှင့်ပက်သက်သော လူထုအစည်းအဝေး၊ ဆွေးနွေးပွဲနှင့် စီရင်ဆုံးဖြတ်ချက်များ ချမှတ်ရန် အစီအစဉ်ရှိသောအခါတွင် ပြည်သူလူထုတို့သည် ပါဝင်ခွင့်ရှိပြီး မိမိ၏ သဘောဆန္ဒကိုလည်း ဆုံးဖြတ်ချက်တွင် တစ်ပါးတည်း ထည့်သွင်းဖော်ပြနိုင်မည်ဖြစ်သည်။

**အပိုဒ် (၁၁၂)**

အဖွဲ့အစည်းများ၊ ကော်ပိုရေးရှင်းများနှင့် ကုမ္ပဏီများ၊ ထို့အပြင် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ပြည်သူလူထုတစ်ဦးတစ်ယောက်နှင့် တရားဝင်ပတ်သက်ဆက်နွယ်မှုမရှိသည့် အခြားသူများနှင့် တရားမဝင်အစိုးရအဖွဲ့များ စသည်တို့သည် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ မြေယာများအား လွှဲပြောင်းရယူပိုင်ဆိုင်ခွင့်နှင့် လွှမ်းမိုးကြီးစိုးထိန်းချုပ်ခွင့် လုံးဝမရှိပါ။

## အပိုင်း (၅.၂) ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ဖော်ထုတ်ခြင်း

**အပိုဒ် (၁၁၃)**

ခေတ်အဆက်ဆက် စစ်အာဏာရှင်စနစ်ဆိုး၏ ဖိနှိပ်ချုပ်ချယ်မှုနှင့် သွေးနှောစနစ်မူဝါဒများသည် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ဌာနေကရင်လူမျိုးစုများတို့၏ ပင်မတန်ဖိုးများ (လူမျိုးတစ်မျိုး၏ယဉ်ကျေးမှုကနေဆင်းသက်လာသည့် ယုံကြည်မှု၊ မူဘောင်နှင့် ကိုယ်ကျင့်တရားများ)၊ ၎င်းတို့၏အသိပညာနှင့် ရိုးရာဓလေ့များအပေါ် ကြီးမားသောစိန်ခေါ်မှုနှင့်ထိုးနက်မှုများကို ဖြစ်စေပြီး လူမျိုးတစ်မျိုးအတွက် အရေးကြီးသော အများနှင့်မတူသည့်လူမျိုးလက္ခဏာများနှင့် ပြီးပြည့်စုံသောယဉ်ကျေးမှုအင်္ဂါရပ်များကို ဖျက်ဆီးဖျောက်ဖျက်လာခဲ့သည်။ သို့ဖြစ်ပါ၍ ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိလူမှုအသိုင်းအဝိုင်းအားလုံးသည် မိမိတို့၏ မူလရှိရင်းစွဲ ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများ၊ ရိုးရာအလေ့အထများ၊ မိရိုးဖလာယုံကြည်မှုများ၊ ဘာသာစကားများ၊ စာပေများ၊ ရိုးရာကဗျာလင်္ကာများ၊အစရှိသည်များအားလုံးကို ပြန်လည်ဖော်ထုတ်ခြင်း၊ မြှင့်တင်ခြင်း၊ ကျင့်သုံးခြင်းများ ပြုလုပ်ရန် အခွင့်အရေးအပြည့်အဝရှိသည်။

ထို့အပြင် ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေအတွင်းရှိ ဌာနေလူမျိုးစုနှင့် လူမှုအသိုင်းအဝိုင်းအားလုံးတို့သည် အတူတကွလက်တွဲ၍ လျော့နည်းသွားသော ပျောက်ကွယ်လုနီးပြီဖြစ်သော ရှေးမိဘဘိုးဘွားတို့၏ ဌာနေအသိပညာအတတ်ပညာများနှင့် ဓလေ့ရိုးရာအမူအကျင့် (နေထိုင်မှုပုံစံ၊ အယူအဆ၊ ယုံကြည်မှု၊ ကျွမ်းကျင်မှုပညာ၊ ရိုးရာစည်းမျဉ်းစည်းကမ်း) များကို နောင်လာနောက်သားမျိုးဆက်သစ်များ အမွေဆက်ခံနိုင်ရန် ပြန်လည်ထိန်းသိမ်းခြင်းနှင့် ပြန်လည်အသက်သွင်းခြင်းများကို လုပ်ဆောင်ကြရမည်။

**အပိုဒ် (၁၁၄)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေရှိ လူမှုအသိုင်းအဝိုင်းနှင့် ဌာနေလူမျိုးစုတို့သည် အခြားသောလူမှုအသိုင်းအဝိုင်းများနှင့် မိတ်သဟာရဖွဲ့၍ လေ့လာဆည်းပူးရမည်များ၊ ဗဟုသုတအတွေ့အကြုံရစေမည့်အရာများနှင့် အတုယူဖွယ်ကောင်းသည်များကို လေ့လာသင်ယူခွင့်ရှိသည်။ သို့သော် သူတစ်ပါး၏ယဉ်ကျေးမှုဓလေ့ထုံးတမ်းအပေါ် အထင်အမြင်သေးခြင်း၊ တစ်ဖက်သတ် မကောင်းသောအပြုအမူများ၊ ခွဲခြားမှုများ၊ ကောက်ကျစ်မှုများ မရှိသင့်ပါ။ ရိုးသားစွာမိတ်သဟာရဖွဲ့၍ လေ့လာသင်ယူရပါမည်။

**အပိုဒ် (၁၁၅)**

နယ်မြေဒေသတစ်ခု၏ အကြီးအမှူး၊ အကြီးအကဲဖြစ်သော ကော်ခို၊ ကော်ကဆာတို့၏ ရိုးရာအစဉ်အလာ သမိုင်းရာဇဝင်သိက္ခာမ်းမှု ရာထူးရာခံ၊ ဂုဏ်ထူး၊ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့် အာဏာများကို ပြည်သူလူထုများ၊ အသိပညာရှင်၊ အတတ်ပညာရှင် ရှေ့မီှနောက်မှီပုဂ္ဂိုလ်များ၊ သမားတော်ကြီးများ၊ တရားသူကြီးများ နှင့် လူမျိုးစုအသီးသီး၏ ခေါင်းဆောင်များတို့က လေးစား တန်ဖိုးထား အသိအမှတ်ပြုရပါမည်။

(ကော်) နယ်မြေဒေသတစ်ခုတွင် ပူဇော်ပသခြင်းအမှုကိုပြုသည့် အကြီးအကဲမရှိတော့ သောအခါတွင် (သို့မဟုတ်) သေဆုံးသွားပြီးသောအခါတွင် မိမိတို့၏ ရာထူးအရိုက်အရာ ဆက်လက် ဆက်ခံရန် ခွဲခန့်သတ်မှတ်ထားခြင်း လျာထားသောသူမရှိပါက ဒေသခံလူမှုအသိုင်းအဝိုင်းတို့သည် ပူဇော်ပသခြင်း အကြီးအမှူး၊ အကြီးအကဲ ထားရှိသော ရိုးရာကို ဆက်လက်ကျင့်သုံးမည် မကျင့်သုံး မည်ကိုသော်လည်းကောင်း၊ ဘိုးဘွားမိဘများ၏အစဉ်အလာဖြင့် ကျင့်သုံးလာခဲ့သော (ကော်) ဖြင့် အုပ်ချုပ်ခြင်း၊ ကော်ခို၊ ကော်ကဆာ ထားရှိမှုစနစ်ကို ဆက်လက်ကျင့်သုံးခြင်း မကျင့်သုံးတော့ခြင်းကို သော်လည်းကောင်း၊ စသည်များနှင့်စပ်လျှင်းပြီး အများသဘောဆန္ဒကို ရယူ၍ ဆုံးဖြတ်အတည်ပြု ရပါမည်။

**အပိုဒ် (၁၁၆)**

ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ပြည်သူလူထုများ တို့သည် ဌာနေလူမျိုးတစ်မျိုးအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးနှင့် အများ၏ အသိအမှတ်ပြု ခြင်းကိုရရှိရေးအတွက် စောင့်ထိန်းရမည့်အရာ၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်ဖြစ်သော က ရင့်ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ဘာသာစကားများ၊ စာပေများ၊ ကျန်းမာရေးဆိုင်ရာ ဌာနေ လူထု ပညာရပ်များ၊ ရိုးရာလက်မှုပညာရပ်များ၊ ရိုးရာအတီးအမှုတ် တူရိယာအမျိုးမျိုးများနှင့် အနုသုခုမပညာများ၊ ရိုးရာအယူအဆနှင့် ယုံကြည်မှုများ စသည်များကို အမြတ်တနိုးတန်ဖိုးထား ရှိ၍ ထိန်းသိမ်းစောင့်ရှောက်ထားရပါမည်။ လူငယ်လူရွယ်များအား ကရင်လူမျိုးစုတို့၏ လူမျိုး လက္ခဏာ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်နှင့် ရိုးရာဓလေ့အစဉ်အလာများအကြောင်းကို ဦးစားပေး၍ လက်ဆင့်ကမ်းသင်ကြားဆင့်ပွားပေးရပါမည်။

ပေါခလိုးဒေသတစ်ခုလုံးရှိ ပြည်သူလူထုအားလုံးတို့သည် မိမိလူမျိုးစုအသီးသီးတွင်ရှိသည့် ရေးသားထားသော ရာဇဝင်သမိုင်းများနှင့် စာပေဖြင့်ရေးသားထားခြင်းမရှိသည့် နှုတ်ပြောရာဇဝင် သမိုင်းများကို ရေးသားပြုစု မှတ်တမ်းတင်ရမည်။ ထိုအထဲတွင် လူမှုအသိုင်းအဝိုင်းများ၏ ယဉ် ကျေးမှုအမွေအနှစ်နှင့် ရိုးရာယုံကြည်မှုစနစ် (မိရိုးဖလာယုံကြည်မှု၊ ကမ္ဘာကြီးနှင့်ပတ်သက်သည့် အတွေးအခေါ်အသိပညာ၊ ယဉ်ကျေးမှုစံနှုန်းနှင့်ကျင့်ဝတ်များ၊ ရိုးရာပူဇော်ပသခြင်းအစီအစဉ်များ) များအတွက် အရေးပါသည့်အစိတ်အပိုင်းများဖြစ်သော ရိုးရာပုံပြင်များ၊ ဇာတ်ကြောင်းများ၊ ဒဏ္ဍာရီ များ၊ ဂါထာမန္တရားရွတ်ဆိုခြင်းများ၊ ရိုးရာကဗျာများ၊ ဘိုးဘွားများ လက်ဆင့်ကမ်းသင်ကြားပေးလာ သည့် အသိပညာနှင့်အဆုံးအမများ၊ စသည်တို့ပါဝင်သည်။

**အပိုဒ် (၁၁၇)**

ပညာရေးသည် ဒေသခံလူမှုအသိုင်းအဝိုင်းများအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ် ဖြစ်သည်။ ပညာတတ်မှသာလျှင် မိမိ၏ ကိုယ်ပိုင်အခွင့်အရေး၊ ကိုယ်ပိုင်အုပ်ချုပ် စီမံခန့်ခွဲ စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ကို သိရှိနားလည်၍ အသုံးချနိုင်မည် ဖြစ်သည်။ အလားတူ မိမိတို့နှင့်သက်ဆိုင်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာများကို အားကောင်းစေရန် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ပေါ်ခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ပြည်သူလူထုများသည် ၎င်းတို့၏နယ်မြေအတွက် မိမိတို့၏ဌာနေဘာသာစကားနှင့် မိမိတို့ရေးသားပြုစုသော သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသင်ယူနိုင်သည့် ပညာရေးစနစ်ကို တည်ဆောက်ခွင့်၊ ရရှိခွင့်နှင့် စီမံထိန်းချုပ်ခွင့်ရှိသည်။

ပေါ်ခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီနှင့် မြိတ်-ထားဝယ်ခရိုင် ကေအဲန်ယူအစိုးရမှ တာဝန်ရှိပုဂ္ဂိုလ်များတို့သည် ဒေသခံလူမှုအသိုင်းအဝိုင်းနှင့်ဌာနေလူမျိုးစုများ၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှုနှင့် စာပေများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အာမခံချက်ပေးနိုင်သည့် ပညာရေးအဖွဲ့အစည်းတစ်ခုကို ပူးပေါင်း၍ထူထောင်ရပါမည်။

**အပိုဒ် (၁၁၈)**

မြန်မာနိုင်ငံအတွင်း ကာလကြာရှည်စွာဖြစ်ပွားသည့် ပြည်တွင်းပဋိပက္ခသည် မြိတ်-ထားဝယ်ခရိုင် အတွင်းရှိ လူမှုအသိုင်းအဝိုင်းတို့အတွက် ကြီးမားသော ရုပ်ပိုင်းဆိုင်ရာအမွေအနှစ် ထိခိုက်ဆုံးရှုံးနှစ်နာမှုများစွာကို ဖြစ်ပေါ်စေသည်သာမက ဘာသာစကားကဲ့သို့သော ကိုင်တွယ်ထိတွေ့၍မရသည့် ယဉ်ကျေးမှုပိုင်းဆိုင်ရာ ဆုတ်ယုတ်ပျောက်ကွယ်မှုများစွာကို ဖန်တီးပေးသည်။ ဒေသခံလူမှုအသိုင်းအဝိုင်းတို့သည် ၎င်းတို့၏ မျိုးနွယ်စုဘာသာစကားနှင့်စာပေအပါအဝင် မတူကွဲပြားသော ဘာသာစကားများကို ပြောဆိုကျင့်သုံးခြင်း၊ ပြန်လည်ဖော်ထုတ်အသက်သွင်းခြင်းနှင့် သင်ကြားပေးခြင်းများကို လွတ်လပ်စွာနှင့် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ခွင့်ရှိရမည်။

**အပိုဒ် (၁၁၉)**

ပေါ်ခလိုးဌာနေတိုင်းရင်းသားလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိလူမှုအသိုင်းအဝိုင်းအားလုံးတို့သည် မိမိတို့၏ရိုးရာဓလေ့များနှင့် ယဉ်ကျေးမှုအစဉ်အလာများကို ဂုဏ်ယူဝင့်ကြွားစွာ စောင့်ထိန်းဖော်ဆောင်ကျင့်သုံးနေသူများ ဖြစ်သည်။ သို့ဖြစ်၍ ၎င်းတို့သည် သဘာဝပတ်ဝန်းကျင်၊ သဘာဝအရင်းအမြစ်များ၊ သစ်တောများ၊ မြစ်ချောင်းအင်းအိုင်နှင့် ရေအရင်းအမြစ်များ၊ မြေယာများ ရေရှည်တည်တံ့နိုင်ရန်အတွက် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပိုမိုအားကောင်းစေခြင်းအတွက် တိုးမြှင့်လုပ်ဆောင်နိုင်သော အခွင့်အရေးရှိကြသည်။

# ခက်ဆစ်/ ပူးတွဲတင်ပြချက်

အများပြည်သူတို့နှင့်သက်ဆိုင်သည့်အရေးကိစ္စများ ။ ။ ပေါ်ခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေအတွင်းရှိ ပြည်သူလူထုတို့၏ လူမှုဘဝဖူလုံရေးအား ပံ့ပိုးပေးသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုစီးပွားရေးဆိုင်ရာ၊ နိုင်ငံရေးနှင့် တရားဥပဒေဆိုင်ရာပံ့ပိုးမှုများကို ဆိုလိုသည်။

**စီးပွားဖြစ်စီမံကိန်းများ**။ ။ တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြင့်ဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ သို့တည်းမဟုတ် လုပ်ငန်းစုကြီးများဖြစ်စေ စသည်တို့မှ လုပ်ကိုင်သောလုပ်ငန်းများကို ရည်ညွှန်းပြီး ထိုလုပ်ငန်းများသည် မြေအကျယ်အဝန်းအမြောက်အများလိုအပ်ခြင်း သို့မဟုတ် လေထု၊ မြေထုနှင့် ရေထုကို ထိခိုက်ပျက်စီးစေနိုင်သော သဘာပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုတို့ကို ဖြစ်စေနိုင်သည်ဟုဆိုလိုသည်။ စီးပွားဖြစ်စီမံကိန်းများဖြစ်သည့် မြေအောက်သယံဇာတတူးဖော်ခြင်းများ၊ လယ်ယာစိုက်ပျိုးခြင်းများ သို့မဟုတ် သစ်တောသစ်ကွက်များစိုက်ပျိုးခြင်းများ စသည်တို့ကို မလုပ်ဆောင်မီ အများပြည်သူတို့၏ သဘောတူထောက်ခံမှုကို ရရှိလိုအပ်သည်ဟု ဆိုလိုသည်။

**လူမှုအသိုင်းအဝိုင်း**။ ။ ကျေးရွာတစ်ရွာ သို့မဟုတ် ရိုးရာယဉ်ကျေးမှုအရ ဆက်လက်စီမံအုပ်ချုပ်လျက်ရှိသောနေရာဒေသများကို ဆိုလိုသည်။

**ခရိုင်အစိုးရ** ။ ။ မြိတ်-ထားဝယ်ခရိုင်အစိုးရ၏ ခရိုင်အဆင့်တွင် အခွင့်အာဏာရှိသော အစိုးရဝန်းထမ်းများကို ရည်ညွှန်းပါသည်။ မြိတ်-ထားဝယ်ခရိုင်အစိုးရ၏ စီရင်ဆုံးဖြတ်ပိုင်ခွင့် အောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော မြို့နယ်အဆင့်နှင့်ကျေးရွာအဆင့် တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်များအားလုံး အစရှိသည့် အုပ်ချုပ်စီမံအဖွဲ့ဝင်အားလုံး ပါဝင်ပါသည်။

**ရာထူးခန့်အပ်ထားသော ကိုယ်စားလှယ်များနှင့် အာဏာပိုင်အဖွဲ့များ** ။ ။ ပေါ်ခလိုးဌာနေတိုင်းရင်းသားတို့ ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေ၏ အုပ်ချုပ်ရေးကော်မတီမှ တရားဝင်ဖြစ်စေ သို့မဟုတ် အလွတ်သဘော အရဖြစ်စေ ရာထူးခန့်အပ်ထားသော လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ကျေးရွာနေ ပြည်သူလူထုများ၏ သဘောတူညီမှုဖြင့် ရွေးချယ်ခန့်အပ်ပြီး ထိုပုဂ္ဂိုလ်မှ ပေါ်ခလိုးဌာနေတိုင်းရင်းသားတို့ ထိန်းသိမ်းစောင့်ရှောက် သည့် နယ်မြေအတွင်းရှိ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ သို့မဟုတ် လှုပ်ရှားမှုများကို စီမံခန့်ခွဲရန်နှင့် လက်ခံဆောင်ရွက်ရန် စသည်ကို ဆိုလိုသည်။ ထိုရာထူးပေးအပ်ခြင်းခံရမည့် ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များမှာ မြိတ်-ထားဝယ်ခရိုင်နှင့် မြို့နယ် အစိုးရဌာနှင့်အုပ်ချုပ်ရေးဆိုင်ရာ ဝန်းထမ်းများ၊ ကေအဲန် ယူခရိုင်များ၏ တရားသူကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံ လူမှုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် ခေါင်းဆောင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ သို့မဟုတ် လူမှုအခြေပြုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ စသည်များကို အကန့်အသတ်မရှိ ရွေးချယ် ခန့်အပ်နိုင်သည်။

**အုပ်ချုပ်မှုပုံစံ** ။ ။ စီရင်ဆုံးဖြတ်မှု၏ ဆုံးဖြတ်ချက်ချမှုလုပ်ငန်းစဉ်များ၏ ဖွဲ့စည်းပုံနှင့် ပြည်သူလူထုများ၊ ခေါင်းဆောင်များနှင့် ပါဝင်ပက်သက်သူများအားလုံး၏ အကြားတွင် အာဏာနှင့် တာဝန်ဝတ္တရားများကို မည်သို့လက်ခံ ဆောင်ရွက်ကျင့်သုံးကြသည်ကို ဆိုလိုသည်။

**အများပြည်သူ၏ အတည်ပြုချက်နှင့် စဉ်းစားဆင်ခြင်ချိန်ဆမှု** ။ ။ အပျက်သဘောဆောင်သော လူမှုစီးပွားရေး၊ နိုင်ငံရေး သို့မဟုတ် နယ်စပ်ဖြတ်ကျော် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု နှင့် ပေါခလိုးဌာနေတိုင်းရင်းသားတို့ ထိန်းသိမ်းစောင့်ရှောက်သည့် နယ်မြေအတွင်းရှိ လူတစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ သို့မဟုတ် လူမှုအဖွဲ့အစည်းများဖြစ်စေ စသည်တို့၏ အသက်ရှင်နေထိုင်မှုတို့ကို အနှောင့်အယှက်ပေးသည့် အခြေအနေများရှိသည့်အခါတွင် စီမံကိန်းများကို ဆက်လက်ဆောင်ရွက်ခြင်းမပြုမှီ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ သို့မဟုတ် ကျေးရွာများကို ကြိုတင်၍ အသိပေးခြင်း နှင့် အသိပေးသဘောတူညီမှုကို ဦးစွာ ရရှိရန် လိုအပ်ပါသည်။

**ရိုးရာနှင့် ယဇ်နတ်ဆရာကြီး သို့မဟုတ် ဘာသာရေးခေါင်းဆောင်များ** ။ ။ ခန့်အပ်ခြင်းခံထားရသူ သို့မဟုတ် လူမှုအဖွဲ့အစည်းမှ အောက်ပါ အကြောင်းအရင်း တစ်ချက်ချက်အပေါ်မူတည်ပြီး စဉ်းစားဆုံးဖြတ်ထား ခြင်းခံရသော လူပုဂ္ဂိုလ် တစ်ဦးဦးကို ဆိုလိုပါသည်။

- ကျေးရွာ၏ နယ်မြေဆိုင်ရာ နှင့် ဌာနေတိုင်းရင်းသားတို့ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ စနစ်ကို ဓလေ့ထုံးတမ်းအရ တာဝန်ရှိစီမံခန့်ခွဲသည့် ပုဂ္ဂိုလ်
- အချိန်ကာလကြာမြင့်စွာ ကျေးရွာအတွက် အထောက်အကူပြုခြင်းနှင့် ဌာနေတိုင်းရင်းသားတို့၏ ရိုးရာ အသိပညာ ဗဟုသုတများ ပေါ်ကြွယ်ဝသည့် လူအများက တန်ဖိုးထားပြီး လေးစားရသည့် ကျေးရွာလူကြီး
- အရေးပါသည့် တောရိုင်းတိရိစ္ဆာန်နှင့် ဇီဝမျိုးကွဲမျိုးစုံများနှင့် သက်ဆိုင်သော အတွေးအမြင်နှင့် အသိပညာဗဟုသုတများစွာ ရှိသည့် ရိုးရာသဘာဝအရင်းအမြစ်ဆိုင်ရာတွင် ကျွမ်းကျင်ပညာရှင်
- မိမိတို့နှင့် သက်ဆိုင်သော လူမှုအဖွဲ့အစည်းအပေါ် အတွင်းကျကျနားလည်မှုရှိသည့် ဘာသာရေးခေါင်းဆောင်များ